## ပိဋကတ် မိတ်ဆက်

### ပိဋကတ်သုံးပုံ/နိကာယ်ငါးရပ်

| | | | |
|---|---|---|---|
| **ဝိနယပိဋက** | ၅ ကျမ်း | ၅ အုပ် | ပါရာဇိက၊ ပါစိတ္တိယ၊ မဟာဝဂ္ဂ၊ စူဠဝဂ္ဂ၊ ပရိဝါရ။ ဝိ ၁၊ .. |
| **အဘိဓမ္မပိဋက** | ၇ ကျမ်း | ၁၂ အုပ် | ဏီ၊ ဘင်း၊ ဓာ, ပု၊ ကထာ၊ ယမက ၃၊ ပဋ္ဌာန ၅။ အဘိ ၁၊ .. |
| **သုတ္တန္တပိဋက** | ၄၀ ကျမ်း | ၂၃ အုပ် | |
| ဒီဃနိကာယ် | ၃ ကျမ်း | ၃ အုပ် | သီလက္ခန္ဓဝဂ္ဂ၊ မဟာ၊ ပါထိက (၃၄ သုတ်)။ ဒီ ၁၊ .. |
| မဇ္ဈိမနိကာယ် | ၃ ကျမ်း | ၃ အုပ် | မူလပဏ္ဏာသ၊ မဇ္ဈိမ၊ ဥပရိ၊ (၁၅၂ သုတ်)။ မ ၁၊ .. |
| သံယုတ္တနိကာယ် | ၅ ကျမ်း | ၃ အုပ် | သဂါထာ, နိဒါန၊ ခန္ဓ, သဠာ၊ မဟာ (၇၇၆၂ သုတ်)။ သံ ၁၊ .. |
| အင်္ဂုတ္တရနိကာယ် | ၁၁ ကျမ်း | ၃ အုပ် | ဧကက-စတုက္က၊ ပဉ္စက-သတ္တက၊ အဋ္ဌက-ဧကာဒသက (၉၅၅၇ သုတ်)။ အံ ၁၊ .. |
| သုတ္တန္တ သီးခြား | ၁၈ ကျမ်း | ၁၁ အုပ် | |
| ပိဋကတ် ၃ ပုံ | ၅၂ ကျမ်း | ၄၀ အုပ် | |

### နိကာယ်ငါးရပ်/ပိဋကတ်သုံးပုံ

| | | |
|---|---|---|
| **ဒီဃနိကာယ်** | ၃ ကျမ်း | ၃ အုပ် |
| **မဇ္ဈိမနိကာယ်** | ၃ ကျမ်း | ၃ အုပ် |
| **သံယုတ္တနိကာယ်** | ၅ ကျမ်း | ၃ အုပ် |
| **အင်္ဂုတ္တရနိကာယ်** | ၁၁ ကျမ်း | ၃ အုပ် |
| **ခုဒ္ဒကနိကာယ်** | ၃၀ ကျမ်း | ၂၈ အုပ် |
| ဝိနည်းပိဋက | ၅ ကျမ်း | ၅ အုပ် |
| အဘိဓမ္မပိဋက | ၇ ကျမ်း | ၁၂ အုပ် |
| ခုဒ္ဒက သီးခြား | ၁၈ ကျမ်း | ၁၁ အုပ် |
| နိကာယ် ၅ ရပ် | ၅၂ ကျမ်း | ၄၀ အုပ် |

နိကာယ်ငါးရပ်/ပိဋကတ်သုံးပုံ

၁။ နိကာယ်/ပိဋကတ်၊ မည်နှစ်ရပ်၊ သတ်မှတ်ခေါ်တွင်ကြ။
၂။ ဒီ-မ-သံ-အံ၊ ခုဒ္ဒကံ၊ ငါးတန်နိကာယ။
၃။ ဝိ-ဘိ-သုတ္တံ၊ ပိဋကံ၊ သုံးတန်ခွဲ၍ပြ။
၄။ ဒီ-မ-သံ-အံ၊ ကာယ်လေးတန်၊ သွင်းရန်သုတ္တန္တ။
၅။ ဝိ-ဘိ-ပိဋကံ၊ သွင်းယူရန်၊ ခုဒ္ဒံနိကာယ။
၆။ နှစ်စွန်းငါးဆယ်၊ ကျမ်းမြတ်ဝယ်၊ လေးဆယ်အုပ်ပေါင်းရ။
၇။ ခု-ဓံ-ဥ-ဣ၊ သု-ဝိ-ပေ-ထေ၊ ထေ-ဒါ-ဝံ-စ၊ ဇာ-မ-စူ-ဋ္ဌိ၊
နေတ္တိ-ပေဋ္ဌ၊ မိလိန္ဒ၊ ခေါ်ပါ သီးခြားကျမ်း။
၈။ ခုဒ္ဒသီးခြား၊ သုတ်သီးခြား၊ ခေါ်ပြားဆယ့်ရှစ်ကျမ်း။

**သီးခြား ၁၈ ကျမ်း** ခုဒ္ဒကပါဌ, ဓမ္မပဒ, **ဥဒါန**, ဣတိဝုတ္တက, သုတ္တနိပါတ (ခု ၁)၊
ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရဂါထာ, ထေရီဂါထာ (ခု ၂)၊
အပဒါန ၁ (ခု ၃) ၊ အပဒါန ၂, ဗုဒ္ဓဝံသ, စရိယာပိဋက (ခု ၄)၊
ဇာတက ၁ (ခု ၅)၊ ဇာတက ၂ (ခု ၆), မဟာနိဒ္ဒေသ (ခု ၇)၊ စူဠနိဒ္ဒေသ (ခု ၈)၊
ပဋိသမ္ဘိဒါမဂ္ဂ (ခု ၉)၊ နေတ္တိ, ပေဋကောပဒေသ (ခု ၁၀)၊ မိလိန္ဒပဉှ (ခု ၁၁)

**ပါဠိတော်** ဝိ ၁၊ ၁၂၅။ မ ၁၊ ၁၂၅။ သံ ၁၊ ၁၂၅။ အံ ၁၊ ၁၂၃။ အဘိ ၁၊ ၁၂၅။ ခု ၁၊ ၁၂၅။
ဝိ-မြန် ၁၊ ၂၇။ မ-မြန် ၁၊ ၂၇။ သံ-မြန် ၁၊ ၂၇။ အင်-မြန် ၁၊ ၂၇။ အဘိ-မြန် ၁။

**အဖွင့်ကျမ်း** အဋ္ဌကထာ ဒီ-ဋ္ဌ ၁၊ ၂၇။ မ-ဋ္ဌ ၁၊ ၂၇။ သံ-ဋ္ဌ ၁၊ ၂၇။ အဘိ-ဋ္ဌ ၁၊ ၂၇။ ဝိ-ဋ္ဌ ၁၊ ၂၇။
ဋီကာ ဒီ-ဋ္ဌီ ၁၊ ၂၇။ မ-ဋ္ဌီ ၁၊ ၂၇။ သံ-ဋ္ဌီ ၁၊ ၂၇။ မူလ-ဋ္ဌီ ၁၊ ၂၇။ ဝဇိရ-ဋ္ဌီ၊ ၂၇။

\-------------------

## ဥဒါနပါဠိတော် မှတ်စု
## (ဗောဓိဝဂ်)

### ၁။ ဗောဓိ ၃ သုတ်

**ဥဒါန =** ဝမ်းမြောက်နှစ်သက် ဆိုမြွက်စကား၊ ဆီခွက်မဆံ့၍ ဆီများလျှံထွက်သကဲ့သို့ ဝမ်းသာလွန်း၍ ဟောမည့်သူကို မရည်ရွယ်ဘဲ မိမိဘာသာ မြွက်ဆိုခြင်း။
ဗုဒ္ဓဥဒါန၊ ပစ္စေကဗုဒ္ဓဥဒါန၊ ဗုဒ္ဓသာဝကဥဒါန။

**ဥဒါနပါဠိတော်** = ဝဂ် (အုပ်စု၊ အခန်းငယ်) ရှစ်ဝဂ်။ သုတ်ပေါင်း ၈၀။ ဂါထာပုဒ်ပေါင်း ၉၅ ပုဒ်။

**ဧကပလ္လင်္ကေန** = တစ်ထိုင်တည်းဖြင့်။ ကဆုန်လပြည့်နေ့ နေဝင်ချိန် အပရာဇိတပလ္လင်မှာ ထိုင်သည်မှစ၍ ထိုတင်ပလ္လင်ခွေကို မဖျက်ဘဲ ၇ ရက်ဆက်တိုက် ထိုင်နေစဉ်။ ပလ္လင်္ကသတ္တာဟဟု ခေါ်။

**ဝိမုတ္တိသုခ ပဋိသံဝေဒီ** = အရဟတ္တဖလ သမာပတ်ချမ်းသာကို ဝင်စား။
တဒင်္ဂဝိမုတ္တိ = ကိလေသာမှ ခဏမျှ လွတ်မြောက်ခြင်း (ဒါနပြုခိုက် စသည်)
ဝိက္ခမ္ဘနဝိမုတ္တိ = ဈာန်ဖြင့် ပယ်ခွာထားခြင်း
သမုစ္ဆေဒဝိမုတ္တိ = အကြွင်းမဲ့ (မဂ်အခိုက်မှာ ကိလေသာကို ပယ်ခြင်း)
ပဋိပ္ပဿဒ္ဓိ ဝိမုတ္တိ = ဖိုလ်အခိုက်မှာ ကိလေသာ ငြိမ်းခြင်း
နိဿရဏဝိမုတ္တိ = ကိလေသာ သင်္ခါရအားလုံးမှ လွတ်သည့် နိဗ္ဗာန်

**ပဋိစ္စသမုပ္ပါဒ အင်္ဂါ ၁၂** = အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ၊ နာမရူပ၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဉပါဒါန၊ ဘဝ၊ ဇာတိ၊ ဇရာမရဏ။

**ပါတုဘဝန္တိ ဓမ္မာ** = ဗောဓိပက္ခိယတရား ၃၇ ပါး တစ်နည်း သစ္စာ ၄ ပါး။
**ကင်္ခါ ဝပယန္တိ** = ကင်္ခါ ၁၆ ပါး။ အဟောသိံ နု ခေါ အဟံ အတီတမဒ္ဓါနံ (မ ၁၊ ၁၀။ သဗ္ဗာသဝသုတ်)။
**သဟေတုဓမ္မံ** = ပဋိစ္စသမုပ္ပါဒ အင်္ဂါ ၁၂ ပါး။
**မာရသေန** = ကာမာ တေ ပဌမာ သေနာ၊ ဒုတိယာ အရတိ ဝုစ္စတိ။
တတိယာ ခုပ္ပိပါသာ တေ၊ စတုတ္ထီ တဏှာ ပဝုစ္စတိ။
ပဉ္စမံ ထိနမိဒ္ဓံ တေ၊ ဆဋ္ဌာ ဘီရူ ပဝုစ္စတိ။
သတ္တမီ ဝိစိကိစ္ဆာ တေ၊ မက္ခော ထမ္ဘော စေ အဋ္ဌမော။
လာဘော သိလောကော သက္ကာရော၊ မိစ္ဆာ လဒ္ဓေါ စ ယော ယသော။
ယော စတ္တာနံ သမုက္ကံသေ၊ ပရေ စ အဝဇာနာတိ။ (သုတ္တနိ၊ ၃၄၂)။
**ဥဒါန ၃ ခု** = ပဌမဥဒါန ပဋိစ္စသမုပ္ပါဒ် ဆင်ခြင်ပုံ၊ ဒုတိယ နိဗ္ဗာန်ကို ဆင်ခြင်ပုံ၊ တတိယ မဂ်ကို ဆင်ခြင်ပုံ။

**ဗောဓိဉာဏ်ကို ရတော်မူသော မြတ်ဗုဒ္ဓသည် မာရ်စစ်သည် ၁၀ မျိုးကို ဖျက်ဆီးနိုင်ခဲ့၏။**

## ယောဂီများ မာရ်စစ်သည် ၁၀-မျိုး လွှမ်းမိုးခံရပုံ

**(၁) အဂါရိယ = အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေစဉ် ကာမစစ်သည် ၂ မျိုးရဲ့ လွှမ်းမိုးခြင်းကို ခံရ။**

**ဝတ္ထုကာမ** = စိတ်နှလုံးကို တိုးပွားစေတဲ့ အာရုံငါးပါး၊ နှစ်သက်မြတ်နိုးအပ်တဲ့ ဝတ္ထုပစ္စည်း၊ တဏှာရဲ့ တည်ရာ တေဘူမက ဝဋ္ဋတရား

**ကိလေသကာမ** = လိုချင်တပ်မက်တဲ့ ကိလေသာ၊ ကိလေသာ ၁၀ ပါး။

**(၂) အနဂါရိယ = ကာမကို အောင်နိုင်ပြီး ရဟန်းပြုနိုင်ခဲ့ပေမဲ့ အောက်ပါ စစ်သည် ၁၀ မျိုး လွှမ်းမိုးခံရ။**

**အရတိ** = တောကျောင်းမှာနေပြီး တရားထူး ရအောင် အားထုတ်စဉ် မပျော်ပိုက် ဖြစ်လာခြင်း။

**ပဗ္ဗဇိတေန ခေါ အာဝုသော အဘိရတိ ဒုက္ကရာ (သံ ၂၊ ၄၅၆)။** (အရှင်သာရိပုတ္တရာရဲ့ စကား)။ ငါ့ရှင် ပရိဗိုဇ်၊ ရဟန်းပြုပြီးသူသည် မွေ့လျော်ခြင်းကို ပြုနိုင်ခဲ၏။

**ခုပ္ပိပါသာ** = ပရပဋိဗဒ္ဓဇီဝိကတ္တာ။ သူတစ်ပါးကို မှီ၍ အသက်မွေးရသဖြင့် အာဟာရ မမှျခြင်း။
**တဏှာ** = ထိုကြောင့် အစားအစာ ဝအောင် ရှာမှီးရလို့ တဏှာက ယောဂီရဲ့ စိတ်ကို ပင်ပန်းစေ။
**ထိနမိဒ္ဓ** = ကိုယ်စိတ်ပင်ပန်းရင် ထိနမိဒ္ဓဝင်။ (ကိလန္တစိတ္တာနံ ထိနမိဒ္ဓံ ဩက္ကမတိ။)
**ဘီရု** = တောကျောင်းမှာ နေရင်း ပရိသတ်နဲ့ အနေဝေးလို့ ကြောက်ရွံ့မှု ဖြစ်ခြင်း။
**ဝိစိကိစ္ဆာ** = အထက်ပါ အကြောင်းတွေကြောင့် လမ်းစဉ် မှန်မှ မှန်ရဲ့လားလို့ တွေးမိတတ်ခြင်း။
**မာနမက္ခထမ္ဘ** = မာရ်စစ်သည်တွေကို အောင်နိုင်ပြီး အနည်းငယ်မျှ တရားထူးရရုံနဲ့ မာနဝင်ခြင်း။
**လာဘသက္ကာရသိလောက** = တရားထူးကို အမှီပြု၍ လာဘ်ပေါ် ကျော်စောခြင်းလည်း မာရ်စစ်သည် လွှမ်းမိုးခဲ့ရခြင်း တစ်မျိုး။
**မိစ္ဆာယသ** = လာဘ်ကို ယစ်မူး၊ လာဘ်နောက်ကို ပါသွားပြီး တရားတုကို ပြ၊ အသိုင်းအဝိုင်းတုကိုရ၊ ဒါလည်း အပါယ်ကို ရောက်စေတဲ့အထိ ဒုက္ခပေးတဲ့ မာရ်စစ်သည် ပါပဲ။
**အတ္တာနံ ဥက္ကံသေန္တိ၊ ပရံ ဝမ္ဘေန္တိ**= မိမိရဲ့ လာဘ်ပေါ် ကျော်စော အသိုင်းအဝိုင်းစသည်ကို အမှီပြုပြီး မိမိပြတဲ့ တရားပဲ မှန်ပြီး အခြားဆရာတို့ ပြတဲ့ တရားကို အထင် သေးစကားဆိုခြင်း။

----------------------

## ၄။ ဟိုဟိုကသုတ်

**သတ္တာဟံ** = ပလ္လင်္ကသတ္တာဟပြီး အခြားမဲ့မှာ ဖြစ်တဲ့ သတ္တာဟတွေ မဟုတ်။ ပလ္လင်္ကသတ္တာဟပြီးနောက် အခြား သတ္တာဟ ၃ ခုကိုလည်း ဗောဓိပင်အနီးမှာပဲ ကုန်လွန်တယ် (ဥဒါန-ဋ္ဌ၊ ၄၇)။

**အနိမိသ ၇ ရက် (ဒုတိယ သတ္တာဟ)**

ဗုဒ္ဓဖြစ်ပြီးခါစ ဘယ်မှ မကြွသေးဘဲ ဗောဓိပင်ရဲ့ အနီးဝန်းကျင်မှာ ခုနစ်ပတ် သီတင်းသုံးတော်မူ။ ၈ ရက် မြောက်မှာ ပလ္လင်ရဲ့ အရှေ့မြောက်ထောင့် အရပ်၌ ရပ်ပြီး အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ် ကို ရတော်မူတဲ့ နေရာကို မျက်လုံးတော် မမှိတ်ဘဲ ကြည့်ရှုခြင်း။

**စင်္ကမ ၇ ရက် (တတိယ သတ္တာဟ)**

ပလ္လင်တော် (ဗောဓိပင်)နှင့် အနိမိသအကြားမှာ အရှေ့မှ အနောက် အနောက်မှ အရှေ့သို့ စင်္ကြံန် လျှောက်ပြီး ဖလသမာ ပတ်ဝင်စားတာ ၇ ရက်။ ဖြစ်ရပ် အထူးမရှိ။

**ရတနာဃရ ၇ ရက် (စတုတ္ထ သတ္တာဟ)**

ဗောဓိပင်ရဲ့ အနောက်မြောက်ထောင့်။ ရတနာအိမ်ဆိုပေမဲ့ ပကတိ ရတနာတွေနဲ့ ဆောက်တဲ့ အိမ် မဟုတ်။ နတ်ဗြဟ္မာတို့ ဖန်ဆင်းတဲ့ အိမ်။ အဘိဓမ္မာ ၇ ကျမ်း ဆင်ခြင်။ ပဋ္ဌာန်းကျမ်းစဉ် ရောင်ခြည် ၆ မျိုးလွှတ်။ ယင်း ရောင်ခြည် ခြောက်မျိုးကို တင်စားပြီး သာသနာ့အလံ တီထွင်။

**အဇပါလ ၇ ရက် (ပဉ္စမ သတ္တာဟ)**

အဇပါလညောင်ပင်။ ဗောဓိပင်ရဲ့ အရှေ့ဖက်မှာရှိ။ ဆိတ်ကျောင်းသားတွေ အရိပ်ခို နေထိုင်ကြလို့ (ဝိ-ဋ္ဌ ၃၊ ၂၃၉)၊ ဝေဒကျမ်းကိုမရွတ် ဖတ်နိုင်တဲ့ ပုဏ္ဏားအိုတို့ နေအိမ်ပြု၍ နေထိုင်ရာ ဖြစ်လို့၊ နေ့လယ်အချိန် ဆိတ်တို့အား အရိပ်ဖြင့် စောင့်ရှောက်လို့ အဇပါလ ညောင်ပင်ခေါ် (ဥဒါန-ဋ္ဌ၊ ၄၇)။

ဒုက္ကရအကျင့်ကို ခြောက်နှစ်ကြာ ကျင့်နေတော်မူစဉ် ဗုဒ္ဓလောင်းလျာအား အရိပ်အာဝါသ ရရှိစေရန် ဆိတ်ကျောင်းသား လူငယ်တစ်ဦးက ဒီညောင်ပင်ကို စိုက်ပျိုးခဲ့တယ် (S. Beal, *Romantic Legend of the Buddha*, p. 238)။ မြန်မာပညာရှိတို့က 'ဆိတ်ကျောင်းညောင်ပင်' လို့ ခေါ်။

**အဇပါလနိဂြောဓ (ဆိတ်ကျောင်းညောင်ပင်) ဘယ်မှာရှိသလဲ ..**

အဇပါလညောင်ပင်ဟာ ဥရုဝေလာ(ရွာ) အနီးရှိ နေရဉ္စရာမြစ်ကမ်း အနီးမှာရှိတယ် (ဥဒါန၊ ၈၀)။ ဗုဒ္ဓ ဖြစ်မဲ့နေ့က လောင်းလျာဟာ (ဥရုဝေလာရွာ အနီးရှိ) ခင်တန်း သို့မဟုတ် တောအုပ်မှာ နေ့သန့်စင်ပြီး ညနေချမ်းအချိန်မှာ ဗောဓိမဏ္ဍိုင်သို့ ကြွတော်မူတယ် (မ-ဋ္ဌ ၂၊ ၈၈)။ ဗုဒ္ဓဖြစ်ပြီးနောက်လည်း ဥရုဝေလရွာ ကို အမှီပြုပြီး သီတင်းသုံးတော်မူသေးတယ် (သံ-ဋ္ဌ ၁၊ ၁၅၅)။ ဒါကြောင့် ငါးခုမြောက် ရက်သတ္တပတ် စံနေတော်မူရာ အဇပါလညောင်ပင်ဟာ ဥရုဝေလာရွာ အနီးရှိ နေရဉ္စရာမြစ်ကမ်း အနီးမှာရှိတယ်။

**ဆဋ္ဌသတ္တာဟ** (မုစလိန္ဒ) ဗောဓိပင်ရဲ့ အရှေ့တောင်။

**သတ္တမသတ္တာဟ (ရာဇာယတန)**

ဗောဓိပင်ရဲ့ တောင်ဘက်။ သတ္တမသတ္တာဟကို လင်းလွန်းပင် အောက်မှာ စံနေစဉ် သိကြားမင်း လှူဒါန်းတဲ့ ဒန်ပူနဲ့ ဆေးဖန်ခါးသီး တွေကို သုံးဆောင်၊ ခံတွင်းကို ဆေးကြောပြီး နတ်မင်းကြီးလေးပါး လှူဒါန်းတဲ့ သပိတ်နဲ့ တပုဿ ဘလ္လိကတို့ရဲ့ ဆွမ်းကို ဘုဉ်းပေး။ **အဲဒီနောက် အဇပါလညောင်ပင်သို့ တစ်ဖန် ပြန်ကြွတော်မူတယ်** (ဝိ ၃၊ ၅။ သံ ၁၊ ၁၃၈၊ သံ-ဋ္ဌ ၁၊ ၁၇၉)။ ဒုတိယ အကြိမ် ပြန်ကြွတာ ၈ ပတ်မြောက်မှာ။

## အဇပါလမှာ ဘယ်နှစ်ကြိမ်

သုဇာတာ သတို့သမီး လှူဒါန်းတဲ့ နို့ဃနာဆွမ်းကို ခံယူခါနီး တစ်ကြိမ် (ဗုဒ္ဓဝံသ၊ ၃၁၁)၊ ပဉ္စမသတ္တာဟ စံနေတော်မူခြင်း တစ်ကြိမ် (ဥဒါန၊ ၈၀)၊ ရှစ်ပတ်မြောက်မှာ တစ်ကြိမ် (ဝိ ၃၊ ၅)။ **အဇပါလပညောင်ပင်မှာ** ဘုရား မဖြစ်မီ တစ်ကြိမ်၊ ဘုရားဖြစ်ပြီး ၂ ကြိမ်၊ ၃ ကြိမ် သီတင်းသုံး။ သုဇာတာရဲ့ ဃနာနို့ဆွမ်း အလှူခံတဲ့ အဇပါလနဲ့ ပဉ္စမသတ္တာဟ စံနေတဲ့ အဇပါလဟာ အတူတူ။ ဒီကမှ တစ်ဆင့် ၈ ပတ် မြောက်ခန့်မှာ ပဉ္စဝဂ္ဂီ ငါးပါးကို တရားဟောဖို့ ဗာရာဏသီကို ကြွတော်မူတာ ဖြစ်နိုင်တယ်။

## ပဉ္စမသတ္တာဟ အတွင်း

ဟုံဟုံကပုဏ္ဏားနဲ့ တွေ့တာ (ဝိ ၃၊ ၃။ ဥဒါန၊ ၈၀)၊ ခေါင်းပါးတဲ့ အကျင့်ကို စွန့်လို့ မြတ်ဗုဒ္ဓကို ဘုရား မဖြစ် သေးဘူးလို့ မာရ်နတ် လာပြောတာဟာ (သံ ၁၊ ၁၀၄)၊ မြတ်စွာဘုရားကို အရှုံးပေးကြောင်း မာရ်နတ် လာလျှောက်တာ (သံ ၁၊ ၁၂၄)၊ မာရ်နတ်ရဲ့ သမီးတွေ လာပြီး ဖြားယောင်းတာ (ဇာ-ဋ္ဌ ၁၊ ၉၁)တွေက ပဉ္စမသတ္တာဟမှာပါ။

အဇပါလမှာ ရှစ်ပတ်မြောက် သီတင်းသုံးစဉ် သဟမ္ပတိဗြဟ္မာက လောကကို တရားဟောဖို့ တောင်းပန် တယ် (ဝိ ၃၊ ၅)။ ဒါ့အပြင် သတိပဋ္ဌာန် လေးပါးကို ဆင်ခြင်တာ (သံ ၃၊ ၁၄၅၊ ၁၆၁)၊ ရိုခိုးခံထိုက်တဲ့ တရား လေးပါးကို ဆင်ခြင်တာ (အံ ၁၊ ၃၃၀)၊ မာရ်နတ်က မြတ်စွာဘုရားကို ပရိနိဗ္ဗာန်စံဖို့ လာလျှောက်တာ (ဒီ ၂၊ ၉၄)တွေလည်း **အဇပါလနိဂြောဓမူလေ** ဆိုတဲ့ ပါဠိတော် စာသွားအရ အဋ္ဌမသတ္တာဟမှာ ဖြစ်နိုင်တယ်။

## ညောင်နှစ်ပင်

မြတ်ဗုဒ္ဓ ဗောဓိဉာဏ်ကို ရတော်မူတဲ့ မဟာဗောဓိပင်လည်း ဥရုဝေလာ (အရပ်)ရှိ နေရဉ္စရာမြစ်ကမ်း အနီး မှာပဲ ရှိတယ် (ဝိ ၃၊ ၁)။ ဗုဒ္ဓလောင်းလျာဟာ အဇပါလညောင်ပင်အောက်မှာ သုဇာတာရဲ့ ဆွမ်းကို အလှူခံ (ဗုဒ္ဓဝံသ၊ ၃၁၁)၊ အဲဒီနေ့ နေရဉ္စရာမြစ်မှာ ရေချိုး၊ ဆွမ်းဘုဉ်းပေး၊ ရွှေခွက်ကို မြစ်ထဲမျှော၊ ထို့နောက် (အနီးရှိ) ခင်တန်း သို့မဟုတ် တောအုပ်မှာ နေ့သန့်စင်ပြီး ညနေချမ်းအချိန်မှာ ဗောဓိမဏ္ဍိုင် (သဗ္ဗညုတ ဉာဏ်ကိုရမဲ့ ညောင်ပင်) ရှိရာသို့ ကြွတော်မူတယ် (မ-ဋ္ဌ ၂၊ ၈၈)။

> 'ဥရုဝေလာသည် မဟာဗောဓိမှ အရှေ့ဘက်အနီး နေရဉ္စရာမြစ်ရှိရာ ၎င်းနေရဉ္စရာမြစ်၏ အရှေ့ဖက် ကမ်းမှာ တည်ရှိသည် (တောင်ပေါက်ဆရာတော်၊ ဗုဒ္ဓသာသနိကပထဝီဝင်၊ တိနိုရိုက်၊ စာ-၁၁၆)'။

ဒီစာအရ အဇပါလညောင်ပင်၊ ဥရုဝေလတော၊ ဥရုဝေလရွာတွေဟာ နေရဉ္စရာမြစ်ရဲ့ အရှေ့ဘက် ကမ်းမှာ တည်ရှိပြီး ထိုကျမ်းပါ မြေပုံအရ မဟာဗောဓိနှင့် တစ်ဖက် တစ်ကမ်းစီ ဖြစ်ဖွယ်ရှိ။

## ဟုံဟုံကနှင့် တွေ့ခြင်း

ဗောဓိပင်အနီး ၄ ပတ် သီတင်းသုံးပြီးနောက် မလှမ်းမကမ်းမှာ ဖြစ်ဖွယ်ရှိတဲ့ အဇပါလညောင်ပင် အောက်ကို ကြွပြီး ၇ ရက် သီတင်းသုံး။ အရဟတ္တဖလ သမာပတ်ချမ်းသာနှင့် သီတင်းသုံးနေခြင်း။

**တမှာ သမာဓိမှာ** = အရဟတ္တဖိုလ် သမာပတ်ကို ကာလ အပိုင်းအခြားနဲ့ ဝင်စားပြီး သမာပတ်မှ ထချိန်မှာ ဟုံဟုံကနှင့် တွေ့။ သမာပတ်ကို တစ်ချိန်လုံး ဝင်စားနေတာ မဟုတ်။ သမာပတ်မှ ထချိန်ရှိ။

**ဟုံဟုံက** = ဒိဋ္ဌမင်္ဂလိက = မြင်တွေ့တာကို မင်္ဂလာလို့ ပြောဆိုလေ့ရှိသူ။ နိမိတ် တဘောင် စသည်ကို ယုံကြည်သူ။ ဇာတ်မြင့်မာန ထန်ပြင်းသူ။ ဇာတ်နိမ့်သူကို တွေ့ရင် 'ဟုံဟုံ'လို့ ဆိုလေ့ရှိသူ။

**ဂေါတမ =** ဥရုဝေလာမှာ ၆ နှစ် သီတင်းသုံးနေပြီး ဖြစ်လို့ ပဉ္စဝဂ္ဂီတို့ထံမှ ဗုဒ္ဓရဲ့ ဂေါတမ အနွယ်ကို ကြားဖူး။ သမဏ ဂေါတမလို့ အဲဒီ ဒေသတစ်ခွင်မှာ ထင်ရှားနေလို့။ မြတ်ဗုဒ္ဓနှင့် ယခင်က တွေ့ဖူး၊ ပြောဆိုဖူး။

**မေးခွန်း** = အဘယ်တရားဖြင့် ဗြာဟ္မဏခေါ် သူမြတ်စစ် ဖြစ်နိုင်သနည်း။
သူမြတ်ဖြစ်အောင် ပြုသော တရားများကား အဘယ်ပါနည်း။

**ဥဒါနေသိ** = ဒီပုဏ္ဏားကို တရားဟောတာ မဟုတ်။ အဖြေကို သိတော်မူတဲ့အတွက် ဥဒါန်းကျူးတာ။ ဟုံဟုံကသည် သစ္စာတရားကို သိနိုင်မည့်သူ မဟုတ်လို့ ဘုရားရဲ့ စကားသံကို ကြားရပေမဲ့ တရားထူး မရ။ ဓမ္မစကြာတရားမဟောမီ မြတ်ဗုဒ္ဓရဲ့ တရားသံ(စကားသံ)ကို နာရ(ကြားရ)တဲ့ တပုဿ၊ ဘလ္လိက တို့ကို သရဏဂုံ ဆောက်တည်စေတာလည်း ထိုအတူ။ ဝါသနာဘာဂိယမျှသာ ဖြစ်နိုင်။

**ဗြာဟ္မဏဖြစ်ကြောင်း တရား ၇-ပါး**

မကောင်းမှုကို အပပြုပြီးဖြစ်ခြင်း၊ ထို့ကြောင့် တဟုန်းဟုန်း မာန်မူ ကင်းစင်ခြင်း၊ ကိလေသာဖန်ရည် တပ်စွန်းမှု မရှိခြင်း၊ သီလဖြင့် ကိုယ်နှုတ်နှလုံးကို စောင့်ထိန်းခြင်း၊ အရဟတ္တဖိုလ် (သို့မဟုတ် နိဗ္ဗာန်) သို့ ရောက်ပြီးဖြစ်ခြင်း၊ ထို့ကြောင့် မဂ်တည်းဟူသော အကျင့်မြတ်ကို ကျင့်သုံးပြီးဖြစ်ခြင်း၊ ထို့ကြောင့် **ဥဿဒခုနစ်မျိုး** တရားဆိုး မရှိခြင်း။ (ဧကောရမ္မဏောပိ ဣမေ ဥဿဒါ နတ္ထိ။ ဥဒါန-ဋ္ဌ၊ ၅၀)။

**ဇာတ်စသည်ကြောင့်** ဗြဟ္မဏ မဖြစ်နိုင်။

**မကောင်းပယ်ကွင်း ဟုန်းဟုန်းကင်း တပ်ခြင်း မရှိပြီ။**
**သီလစောင့်ရှောက် နိဗ္ဗာန်ရောက် မဂ်ပေါက်ဖိုလ်ဝင်ပြီ။**
**ဥဿဒဆိုး ခုနစ်မျိုး ပယ်ချိုးအောင်နိုင်ပြီ။**

**ဥဿဒ ၇ ပါး** = သံသရာတိုးပွားကြောင်း တရား။ ရာဂုဿဒ၊ ဒေါသုဿဒ၊ မောဟုဿဒ၊ မာနုဿဒ၊ ဒိဋ္ဌုဿဒ၊ ကိလေသုဿဒ၊ ကမ္မုဿဒ (မဟာနိ၊ ၅၅)။

---------------------------------------

## ၅။ ဗြာဟ္မဏသုတ်

**သာဝတ္ထိ** = **သဝတ္ထု** ရသေ့နေရာမှာ မြို့တည်လို့။ အတွင်းအပ လူသုံးကုန်ပစ္စည်းတွေ လိုရာ ရနိုင်လို့။

**ဇေတဝန** = ဇေတမင်းသား (ဥယျာဉ်ရဲ့ ယခင်ပိုင်ရှင်)ရဲ့ ဥယျာဉ်။ မြေရောင်းရငွေ ၁၈ ကုဋေဖြင့် ဆောက်လုပ်တဲ့ ပြဿာဒ်နှင့်တကွ အဝင်တံခါးမုခ်၊ သစ်ပင်စသည် အလှူရှင်။

**အနာထပိဏ္ဍိက** = အမည်ရင်း **သုဒတ္တ**။ ဥယျာဉ်ရဲ့ ဒုတိယ ပိုင်ရှင်။ တန်ဖိုး ၅၄ ကုဋေ အလှူရှင်။ ကောင်းမှုပြုလိုသူ နောင်လာ နောင်သားတို့ အတုယူနိုင်စေရန် အလှူရှင် ၂ ဦးလုံးရဲ့ အမည်ကို အရှင်အာနန္ဒာ မထေရ်က မှတ်တမ်းတမ်းတင် ခေါ်ဝေါ်ခဲ့။

**အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်** = မြတ်ဗုဒ္ဓ ရာဇဂြိုဟ်ရောက်ပြီး ဝေဠုဝန်မှာ သီတင်းသုံးစဉ် လဝက် ခန့် အကြာမှာ ဧဟိဘိက္ခု ရဟန်းဖြစ်။ **အရှင်မဟာကဿပ =** အဂ္ဂသာဝက ၂ ပါးနောက် မကြာမီ ဩဝါဒပဋိဂ္ဂဟဏ ရဟန်းဖြစ်။ **ဤသုံးပါးလုံး** ပဥ္စဝဂ္ဂီ၊ ယသနှင့် သူငယ်ချင်း မိတ်ဆွေ ရဟန္တာ ၅၅။ ဘဒ္ဒဝဂ္ဂီ ၃၀၊ ရသေ့ညီနောင် ၁၀၀၀ တို့ထက် နောက်ကျပြီး သာသနာ့ဘောင် ဝင်ရောက်။

**မဟာကစ္စာန =** ဥဇ္ဇေနီမြို့သား၊ ရဟန်း ဖြစ်ချိန်ကို မခန့်မှန်းနိုင်။ ဘုရားပွင့်ပြီး မကြာမီလို့တော့ ဆိုနိုင်။ **အရှင်မဟာကောဋ္ဌိက (**သာဝတ္ထိမြို့ သူဌေးသား)၊ **အရှင်မဟာကပ္ပိန** (ကုက္ကုဋဝတီမြို့ မင်းသား) တို့လည်း ဘုရား ဇေတဝန်မှာ သီတင်းသုံးပြီးမှ ရဟန်းပြု။ **မဟာစုန္ဒ** (ဝင်္ဂန္တပုဏ္ဏားနှင့် ရူပသာရီတို့ရဲ့ သား၊ အရှင်သာရိပုတ္တရာရဲ့ ညီ)၊ **အရှင်ရေဝတမထေရ်** (ခဒိရဝနိက၊ အရှင်သာရိရဲ့ ညီအငယ်ဆုံး)။ ဤမထေရ် ငါးပါးလုံး **အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒ**တို့ထက် ရဟန်းသိက္ခာ ငယ်ဖွယ်ရှိ။

**ဇတေ ဘိက္ခဝေ ဗြာဟ္မဏာ အာဂစ္ဆန္တိ** = သီလ သမာဓိ ပညာ စတဲ့ဂုဏ်နှင့် ပြည့်စုံခြင်း၊ အလွန် တည်ငြိမ် အေးချမ်းခြင်း၊ လွန်ကဲသည့် ရဟန်းသွင်ပြင်နှင့် ပြည့်စုံခြင်းတို့ကြောင့် ကြည်ညိုစိတ်ဖြင့် ဂုဏ်ထူးကို ချီးမွမ်းလို၍ နှစ်ကြိမ် အာမေဋိတ်သံ ပြုတော်မူ။

**ဗြာဟ္မဏဇာတိကော** = ပြည့်စုံ ကြွယ်ဝတဲ့ ဗြာဟ္မဏမျိုးမှ မွေးလာသူ။ 'ဗြာဟ္မဏမျိုး မိဘနှစ်ပါးမှ မွေးဖွားခြင်း၊ ဗြာဟ္မဏသိက္ခာတင်ခြင်းဖြင့်သာ ဗြာဟ္မဏဖြစ်နိုင်၊ အခြားနည်းဖြင့် မဖြစ်နိုင်'လို့ သိထား။ ဗုဒ္ဓက ထိုအရှင်တွေကို ဗြာဟ္မဏလို့ ခေါ်တဲ့အခါ 'ဗြာဟ္မဏ ဖြစ်နိုင်တဲ့ အခြားအကြောင်း ရှိသေးလား'လို့ မေးလိုတဲ့ ဆန္ဒဖြစ်။ အဲဒီလို မေးလာမှာကို သိလို့ ဗုဒ္ဓက ယင်းသို့ ခေါ်တော်မူ။

**မေးခွန်း** = အဘယ်တရားဖြင့် ဗြာဟ္မဏခေါ် သူမြတ်စစ် ဖြစ်နိုင်သနည်း။
သူမြတ်ဖြစ်အောင် ပြုသော တရားများကား အဘယ်ပါနည်း။

**သဒါ သတာ** = သတိကို ပွားများပြီးဖြစ်၍ အာရုံ ၆ ပါးတို့၌ သတိမြဲလျက် ဣရိယာပုထ် ၄ ပါးလုံးဖြင့် နေသူ။
**ဗုဒ္ဓါ =** သစ္စာ ၄ ပါးကို သိသူ။ သုတဗုဒ္ဓ၊ သာဝကဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ သမ္မာသမ္ဗုဒ္ဓ။ ဤ၌ သာဝကဗုဒ္ဓကို ယူ။

**ဒေသနာဝိလာသ** = ဒေသနာ လှပစေလိုခြင်း။ နှစ်သုတ်လုံး ရဟန္တာကို ဗြာဟ္မဏခေါ်ကြောင်း ဟော။

---------------------------

## ၆။ မဟာကဿပသုတ်

**ဝေဠုဝန** = ဝေဠုဝန် = အပြင်က ဝါးရုံတို့ဖြင့် ကာရံထား၊ အတွင်းမှာ ၁၈ တောင် မြင့်တဲ့ အုတ်တံတိုင်းရှိ။ ရာဇဂြိုဟ်နှင့် မနီးမဝေးတွင်ရှိ။ ဘုရင် ဗိမ္ဗိသာရရဲ့ ဥယျာဉ်တော်။ ဗုဒ္ဓဖြစ်ပြီး ၈ လခန့် အကြာမှာ ဗုဒ္ဓနှင့် ရဟန်းသံဃာ သီတင်းသုံးရန် လှူဒါန်း။ ဂန္ဓကုဋိနှင့် အဆောင်များ၊ စင်္ကြံလမ်း၊ လိုဏ်၊ မုခ်ဦး စသည် ဆောက်လုပ်။ ဗုဒ္ဓသာသနာသမိုင်းတွင် ပထမဆုံး ကျောင်းတိုက်။ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ဝီသတိမ၊ ပေါင်း ၄ ဝါ ဗုဒ္ဓဘုရား သီတင်းသုံးခဲ့။

မြတ်ဗုဒ္ဓရဲ့ ညွှန်ကြားချက်ဖြင့် ဝေဠုဝန်ကျောင်းတိုက် တံခါးမုခ်အနီးတွင် အရှင်မဟာမောဂ္ဂလ္လာန (သက်တော် ၈၄ ပရိနိဗ္ဗာန်စံ)ရဲ့ ဓာတ်တော်ကို စေတီတည်ထား (ဇာ-ဋ္ဌ ၅၊ ၁၃၅)။

**ကလန္ဒကနိဝါပ** = ရှဉ့်နက်တွေကို အစာကျွေးတဲ့ မြက်ခင်းရှိ။ ရှဉ့်နက်တို့ရဲ့ ဘေးမဲ့မြက်ခင်း၊ မသတ်ရ။

**ပိပ္ပလိဂူ** = ဂူရှေ့မှာ ညောင်ကြတ်ပင်ရှိလို့ ပိပ္ပလိဂူခေါ်တွင်။

**တမှာ အာဗာဓာ ဝုဋ္ဌာသိ** = ဗုဒ္ဓဟောကြားတဲ့ ဗောဇ္ဈင်သုတ်ကို နာယူလို့ အရှင်မြတ်ရဲ့ ရောဂါပျောက်သွား။

**ဗောဇ္ဈင်သုတ်တော် (သံ ၃၊ ၇၁)။ ရောဂါ သက်သာ ပျောက်ကင်းစေတဲ့ သုတ္တန်။**

သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ ကတမေ သတ္တ ?

သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ .. ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ .. ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ .. ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ .. သမာဓိ သမ္ဗောဇ္ဈင်္ဂေါ ခေါ .. ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါ ..

ဣမေ ခေါ ကဿပ သတ္တ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ .. နိဗ္ဗာနာယ သံဝတ္တန္တိ။

**အတ္တနော ပတိဋ္ဌံ ကရောထ** = မိမိ၏ ထောက်တည်ရာ (အားကိုးရာ မှီခိုရာ)ကို ပြုကြ။ သိကြားမင်းက နတ်သမီးတွေကို ပြော။

**အနညပေါသီ** = အဒုတိယော = တစ်ကိုယ်တည်းနေသူ၊ အလွန် အလိုနည်းသူ၊ **အညံ ဉာတိမိတ္တာဒိသု ကိဉ္စိ န ပေါသေတိ။** ဆွေမျိုး မိတ်ဆွေ စသည့် မည်သူ့ကိုမျှ မွေးမြူခြင်း မပြု။

**အညာတံ** = သူများကို ကျွေးမွေးဖွယ် မလိုလို့ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်းဖြင့် ကျော်စော။

**ဒန္တံ** = ဆဠင်္ဂုပေက္ခာဖြင့် ဣန္ဒြေ ၆ ပါးတို့၌ အလွန်အမင်း လေ့ကျင့်ပြီးထားသူ။

**သာရေ ပတိဋ္ဌိတံ** = ဝိမုတ္တိသာရ (ကိလေသာ၊ သံသရာမှ လွတ်မြောက်ခြင်း)၌ တည်သူ။

**ခီဏာသဝံ** = ကာမာသဝ စသည်တို့ ကုန်ပြီးသူ။ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ

**ဝန္တဒေါသံ** = ရာဂစသော အပြစ်ကို ထွေးအန်ပြီးသူ။

---------------------------

## ၇။ အဇကလာပကသုတ္တ

**ပါဝါမြို့ =** ကုသိနာရုံနှင့် ၁၄ မိုင် (၃ ဂါဝုတ်၊ ဒီ-ဋ္ဌ ၂၊ ၁၆၄)၊ ပါဝါမြို့သား စုန္ဒရဲ့ သူကရမဒ္ဒဝဆွမ်းကို ဘုဉ်းပေးတဲ့ မြို့ (ဒီ ၂၊ ၁၀၅)၊ နိဂဏ္ဌနာဋပုတ္တခေါ် မဟာဝီရ ကွယ်လွန်တဲ့ မြို့ ( မ-ဋ္ဌ ၃၊ ၇၀)။

**အဇ.ကလာပက =** ယက္ခရဲ့ အမည်။ ဆိတ်အုပ်နှင့် ယဇ်ပူဇော်ခြင်းကို ခံယူသောကြောင့်။ (တစ်နည်း အဇက.လာပက = ယဇ်ပူဇော်သူတို့ ဆိတ်ကဲ့သို့ မြည်သည်ကို နှစ်သက်သောကြောင့်။)

**စေတိယ = နတ်ကွန်း၊ စေတီ ပုထိုး။** လူနတ်ဗြဟ္မာတို့ ပူဇော်သည့်နေရာ၊ အုတ်ကျောက်စသည်ဖြင့် မြင့်မြင့်မောက် မောက် တည်ဆောက်ထားသော အရာ။ စေတီနှင့် ပထိုး ဘယ်လို ထူးသလဲ ..

> **မုခ်လိုဏ်မတည် ခေါ်ရာသည် စေတီမည်သညာ။**
> **မုခ်လိုဏ်ရှိမှဲ ထူးမငဲ့ မည်ဘွဲ့ပုထိုးသာ။**

**ရတ္တန္ဓကာရတိမိသာ =** အလွန်မှောင်မိုက်သော ညအချိန်။  အဝိနာဘာဝနည်း = ကင်းမရတဲ့ နည်း

**အက္ကုလပက္ကုလိကံ** = အက္ကုလ ပက္ကုလအသံ (ဘီလူးကြိမ်း ကြိမ်းသံ = ယက္ခဂဇ္ဇိတံ ဂဇ္ဇိ)။ မြည်သံစွဲ။

**သကေသု ဓမ္မေသု** = သီလ သမာဓိ ပညာ ဝိမုတ္တိ-စသော စင်ကြယ်ကြောင်း တရားများသည် အမှန်ပင် ကောင်းကျိုး ချမ်းသာကို ပြည့်စုံစေသောကြောင့် မိမိ၏ တရားမည်။

**သီလသမာ ဓိပညာ ကိုယ့်မှာ ပြည့်စုံသည်။**
**သားစားယက္ခ ပက္ကုလ ကြိမ်းက မကြောက်ပြီ။**

-----------------------

## ၈။ သဂါမဇိသုတ်

**သဂါမဇိ** = နာမည်။ သာဝတ္ထိမြို့သား၊ ချမ်းသာသူ၊ အိမ်ထောင်ကျ၊ ရဟန်းအဖြစ်ဖြင့် ပြန်တွေ့ပါမည် ကတိနဲ့ မိဘများထံမှ ခွင့်ပြုချက်ယူပြီး ဇနီး၌ ကိုယ်ဝန်ရှိစဉ် ရဟန်းပြု။ တောကျောင်းမှာနေပြီး တစ်ဝါတွင်း တရားအားထုတ်၊ ဆဠဘိည ရဟန္တာဖြစ်။ ဝါကျွတ်ပြီး ဘုရားဖူးရန်၊ မိဘများ ဝမ်းသာစေရန် သာဝတ္ထိကို ပြန်ကြွလာစဉ် ပါဠိတော်လာ ဝတ္ထု ဖြစ်ပေါ်။

**သင်္ဂါ မုတ္တံ သဂါမဇိံ** = သင်္ဂါ (တွယ်တာခြင်း) ၅ မျိုးမှ လွတ်သော သဂါမဇိ ရဟန်း။

**သင်္ဂါ ၅ မျိုး** = ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိတို့ကို သမုစ္ဆေဒ ပဋိပဿဒ္ဓိ ဝိမုတ္တိဖြင့် လွတ်မြောက်ပြီးသူ။

----------------------

## ၉။ ဇဋိလသုတ်

**ဂယာယံ** = ဂယာရွာ၊ ဂယာမြစ်ဆိပ်။ ဂယာယံ ဝိဟရတိ = ဂယာရွာ ဂယာမြစ်ဆိပ် အနီးမှာ သီတင်းသုံး။
**ဂယာမြစ်ဆိပ်** = ဂယာရွာအနီး ရေကန်နှင့် မြစ်တစ်ခုရှိ။ ရေကန်ကိုရော မြစ်ကိုပါ 'ပါပ.ပဝါဟနတိတ္ထ = မကောင်းမှုတွေကို မျှောတဲ့ မြစ်ဆိပ်။

**ဂယာသီသ** = ဆင်ဦးခေါင်းနှင့် တူတဲ့ တောင်ထွတ်များအနက် တစ်ခုကို ဂယာသီသ၊ အဲဒီ တောင်ထွတ်မှာ ဆင်ဦးခေါင်းနှင့် တူတဲ့ ကျောက်ဖျာကြီး တစ်ခုရှိ။ သံဃာ ၁၀၀၀ သီတင်းသုံးနိုင် (ဥဒါန-ဋ္ဌ၊ ၆၇)။ ဆင်ဦးခေါင်းနှင့် တူတဲ့ ကျောက်ဖျာ (သံ-ဋ္ဌ ၃၊ ၆)။ ဂယာရွာအနီးမှာ ရှိ။

**ဇဋိလ = ဇဋ္ဌာဓာရီ** = ရှည်လာတဲ့ ဆံပင်ကို စည်းပြီး ဆံကျစ်စည်းကို ဆောင်သူ (မ-ဋ္ဌ ၃၊ ၂၁၅)

**အန္တရဋ္ဌကေ** = တပို့တွဲလ၏ နောက်ဆုံး ၄ ရက်နှင့် တပေါင်းလ၏ အစ ၄ ရက်၊ ယင်း ၈ ရက် အတွင်း တစ်ရက် (ဥဒါန-ဋ္ဌ၊ ၆၇)။ ထိုအချိန်၌ ဆီးနှင်းကျလေ့ရှိ။ အတ္ထိ၊

**န ဥဒကေန သုစိ** = ဒီဂယာမြစ်ဆိပ်မှာ ရေချိုးကြတဲ့ မကောင်းမှုပြုသူ၊ ကျွဲနွား၊ ငါးလိပ် စသည် အားလုံး စင်ကြယ်ခြင်း မဖြစ်နိုင်။ အကြောင်းမူ ရေချိုးခြင်းသည် မကောင်းမှု ရင်းမြစ်၏ ဆန့်ကျင်ဘက် တရား မဟုတ်သောကြောင့်တည်း။ အကုသိုလ်ကံကို ကုသိုလ်ကံက ဖျက်ဆီးရာမှာ အကုသိုလ်သည် ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်၏။ ဥပမာ အလင်းသည် အမှောင်၏ ဆန့်ကျင်ဘက်၊ အဝိဇ္ဇာသည် ဝိဇ္ဇာ၏ ဆန့်ကျင်ဘက် ဖြစ်သကဲ့သို့ ရေချိုးခြင်းသည် မကောင်းမှု၏ ဆန့်ကျင်ဘက် မဟုတ်။

------------------------

## ၁၀။ ဗာဟိယသုတ်

**ဗာဟိယ** = ဗာဟိယတိုင်းသားဖြစ်လို့ ရတဲ့ အမည်။ **ဒါရုစီရိယ** = သစ်သားပဉ်ချပ်ကို သင်္ကန်းကို ဝတ်ရုံသူ။ ပဒုမုတ္တရ (ကမ္ဘာတစ်သိန်း အလွန်)၊ ဆုတောင်းအထူးပြု၊ ဗျာဒိတ်ရ။ ကဿပ (ဤကမ္ဘာ)မှာ ရဟန်းပြု၊ သမဏဓမ္မကို ကျင့်။

ဂေါတမ (ဤဗုဒ္ဓ)လက်ထက် ဗာဟိယတိုင်းမှာ ကုန်သည်။ ၈ ကြိမ်မြောက် သုဝဏ္ဏဘူမိ ခရီးသွားစဉ်မှာ သင်္ဘောပျက်။ သုပ္ပါရက ဆိပ်ကမ်းကို ရောက်။ ဝတ်စရာ မရှိလို့ မုရိုးမျှင် သင်္ကန်း (ပျဉ်ချပ်သင်္ကန်း) ဝတ်ရုံ။ "ရဟန္တာဆိုတာ ဒီလို ဖြစ်မှာပဲ" (လူ့အတွေး)။ ထိုအနေအထိုင်ဖြင့် အလှူပေါ်သဖြင့် အဝတ်ကောင်းတွေ လှူပေမဲ့ လက်မခံ။ **သက္ကတော ဂရုကတော ပူဇိတော**။

**အဟံ တေသံ (အရဟန္တာနံ) အညတရော** = သူ့ကိုယ် သူ ရဟန္တာထင်လာ။ စိတ္တာဿ မိစ္ဆာသင်္ကပ္ပေါ ဥပ္ပဇ္ဇိ။ ဘာကြောင့် ထိုစိတ်ဖြစ် = ၁) သမ္ဘာဝနာဓိပ္ပာယ ၂) လာဘသက္ကာရသိလောကံ နိကာမယမာန

**ပုရာဏသာလောဟိတာ ဒေဝတာ** = မိတ်ဆွေဖြစ်ဖူးတဲ့ အနာဂါမ် ဗြဟ္မာ။ ကဿပဘုရား သာသနာ နှောင်းပိုင်းလောက်မှာ တောင်တက် တရားအားထုတ်တဲ့ မိတ်ဆွေ ရဟန်း ၇ ပါး။ ၁ ပါး ရဟန္တာ၊ တစ်ဦး အနာဂါမ်ဖြစ်။ ကျန် ၅ ဦး တရားမရဘဲ ဤဗုဒ္ဓလက်ထက်မှာ ပက္ကုသာတိ (ဂန္ဓာရမင်း၊ ဗိမ္ဗိသာရနဲ့ ရွယ်တူ မိတ်ဆွေ၊ ဓာတုဝိဘင်္ဂသုတ်နဲ့ အနာဂါမ်ဖြစ်၊ သင်္ကန်းရှာသွားစဉ် နွားငှေ့ခံရ၍ ကွယ်လွန်၊ အဝိဟာဘုံမှာ ရဟန္တာဖြစ်)၊ ကုမာရကဿပ (စိတ္တကထိက တေဒဂ်)၊ ဒဗ္ဗမလ္လပုတ္တ (သေနာသနပညာ ပကတေဒဂ်)၊ သဘိယ (ရဟန္တာဖြစ်၊ ထေရ-၄ ၂၊ ရ)၊ ဗာဟိယ (သင်္ကန်းရှာရန် သွားစဉ် နွားငှေ့၍ ပရိနိဗ္ဗာန်စံ၊ ခိပ္ပါဘိညတေဒဂ်)။

**ပဋိပဒါ** = ဝိသုဒ္ဓိ ၆ ပါး (၇ ပါး)။ သီလ၊ စိတ္တ၊ ဒိဋ္ဌိ၊ ကင်္ခါဝိတရဏ၊ မဂ္ဂါမဂ္ဂဉာဏဒဿန၊ ပဋိပဒါဉာဏဒဿန၊ (ဉာဏဒဿန = မဂ် ၄ ပါး)။ ရှေ့ ၆ ပါကို ပွားပြီး နောက်ဆုံး ဉာဏဒဿနဝိသုဒ္ဓိ ဆိုတဲ့ မဂ် ၄ ပါးကိုရ။

**သဗ္ဗတ္ထ ကေရတ္တိပရိဝါသေန** = သုပ္ပါရကဆိပ်ကမ်းမြို့နှင့် သာဝတ္ထိ ယူဇနာ နှစ်ထောင်ဝေး။ ထိုခရီးကို တစ်နေ့ တည်းဖြင့် အရောက်သွား။ မနက်ထွက် ထိုညနေမှာပင် သာဝတ္ထိကို ရောက်။ ဘယ်လိုရောက် .. ဒေဝတာနုဘာဝေန၊ ဗုဒ္ဓါနုဘာဝေန။

**သန္တိန္ဒြိယံ** = မျက်စိစတဲ့ ငါးပါးကြောင့် လောဘစသည် မဖြစ်။ **သန္တမာနသံ** = ၆ ခုမြောက် မနိန္ဒြေ ငြိမ်း။ **ဥတ္တမဒမထ** = အရဟတ္တမဂ်ဖိုလ်ဉာဏ်။ **ဒန္တ** = စင်ကြယ်တဲ့ ကိုယ်အမူအကျင့် ရှိလို့ လက်ခြေ စတဲ့ ကိုယ်ရဲ့ သိမ်မွေ့ခြင်း။ **ဂုတ္တ** = စင်ကြယ်တဲ့ နှုတ်အမူအကျင့် ရှိလို့ အကျိုးမဲ့ စကား၊ ရယ်မောခြင်း မရှိ၊ နှုတ်ကို စောင့်စည်း။ **နာဂံ** = ရဟန္တာဖြစ်သော မြတ်စွာဘုရား။

**ကာလော** = ဣန္ဒြိယပရိပါကကာလော (ဣန္ဒြေရင့်ကျက်ချိန်)။

**ဒုဇ္ဇာနံ** = အဇ္ဇေဝ ကိစ္စမာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။
နှ ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။

**ဇီဝိတန္တရာယာနံ** = အသက်၏ အန္တရာယ်။ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်ဖြစ်၍ ကုသိုလ်ဥပနိဿယ၏ ပြည့်စုံမှုက တိုက်တွန်းလို့၊ မြတ်ဗုဒ္ဓသည် တရားဟောလိုပါလျက် ဘာကြောင့် နှစ်ကြိမ် တားမြစ်သလဲ ..
ဘုရားကို ဖူးတွေ့ရချိန်တွင် ပီတိအဟုန် ပြင်းလွန်းနေပြီး တရားကို မသိနိုင်သဖြင့် မဇ္ဈတ္တုပေက္ခာ ဖြစ်သည်ထိ စောင့်လိုခြင်း၊ ခရီးရောက်မဆိုက် ဖြစ်၍ ပန်းပင်ပန်းမှုကို ငြိမ်းစေလိုခြင်း၊ အချို့အဆို တရားကို ရိုသေစေလိုခြင်း။
တတိယအကြိမ်၌မူ .. 'မဇ္ဈတ္တုပေက္ခာဖြစ်ခြင်း၊ ပင်ပန်းမှုငြိမ်းခြင်း၊ ဗာဟိယ၏ သေချိန် နီးကပ်လာနေသည်ကို သိတော်မူခြင်း' တရားကို ဟောတော်မူ။

**ဒိဋ္ဌေ ဒိဋ္ဌမတ္တံ** = ယထာ အာပါထဂတေ ရူပေ စက္ခုဝိညာဏံ န ရဇ္ဇတိ န ဒုဿတိ န မုယှတိ၊ ဧဝံ ရာဂါဒိဝိရဟေန စက္ခုဝိညာဏပ္ပမာဏေနေဝ ဇဝနံ ဌပေဿာမိ။

**ဒိဋ္ဌမတ္တံ** = တတ္ထေဝ ဥပ္ပန္နံ သမ္ပဋိစ္ဆနသန္တီရဏဝေါဋ္ဌဗ္ဗနသင်္ခါတံ စိတ္တတ္တယံ။

**မုတံ** = တဒါရမ္မဏဝိညာဏေဟိ သဒ္ဓိံ ဂန္ဓရသဖောဋ္ဌဗ္ဗာယတနံ ဝေဒိတဗ္ဗံ။

**ဝိညာတံ** = မနောဒွါရာဝဇ္ဇနေန ဝိညာတာရမ္မဏံ။

**ဝိညာတေ ဝိညာတမတ္တံ** = အာဝဇ္ဇနပ္ပမာဏံ။

ယထာ အာဝဇ္ဇနံ န ရဇ္ဇတိ န ဒုဿတိ န မုယှတိ၊ ရဇ္ဇနာဒိဝသေန စ ဥပ္ပဇ္ဇိတုံ အဒတွာ အာဝဇ္ဇနပ္ပမာဏေနေဝ စိတ္တံ ဌပေဿာမိ။

အသီမှည့်တွေရှိတဲ့ သရက်ပင် အောက်မှာ အိပ်ပျော်နေသူ။ အနီးမှာ သရက်သီး ကြွေကျ၊ ထိုအသံကြောင့် နိုးလာ၊ မျက်စိကို ဖွင့်ကြည့်၊ ကောက်ယူ ညှစ်ကြည့်၊ နမ်းကြည့်၊ မှည့်မှန်းသိ၊ စား၊ တံတွေးနှင့်တကွ မျိုချ၊ ပြန်အိပ် (ဋီကာကျော်၊ )။

| | |
|---|---|
| အိမ်ပျော်နေ | = ဘဝင်ကျနေခြင်း |
| အသီးကြွေကျ | = အာရုံနှင့် ပသာဒ ထိတွေ့ခြင်း |
| အသံကြောင့်နိုး | = အာဝဇ္ဇန (ဆင်ခြင်)ခြင်း |
| မျက်စိကို ဖွင့်ကြည့် | = စက္ခုဝိညာဏ်စိတ် ဖြစ်ခြင်း |
| ကောက်ယူခြင်း | = သမ္ပဋိစ္ဆိန်စိတ် (လက်ခံ) |
| ညှစ်ကြည့် | = သန္တီရဏစိတ် (စုံစမ်း) |
| နမ်းကြည့် | = ဝုဋ္ဌော၊ စား = ဇော၊ မျိုချ = တဒါရုံ၊ ပြန်အိပ် = ဘဝင်ကျ။ |

**နိဗ္ဗာန်ဟူသည်**

ခေတ်ကြီးလေးပါး မရှိ။ ကြယ်၊ နေတို့ မထွန်းပ။ လလည်း မသာ။ အမှောင်မရှိ။ သစ္စာလေးပါကို သိသော ကြောင့် နိဗ္ဗာန်ကို သိပြီးနောက် ရုပ်၊ နာမ်၊ ချမ်းသာ၊ ဆင်းရဲ မရှိ။

------------------------

## ဥဒါနပါဠိတော် မှတ်စု

## ၂။ မုစလိန္ဒဝဂ်

### ၁။ မုစလိန္ဒသုတ်

**မုစလိန္ဒသတ္တာဟ၊ ၆ ခုမြောက် သတ္တာဟ** = ကျည်းပင်ရင်းမှာ သီတင်းသုံး ၇ ရက်။

**ဝိဝေကော = ဝိဝေကသုံးပါး**။ ကာယဝိဝေက (သမထ ဝိပဿနာဖြင့် တစ်ကိုယ်တည်း နေထိုင်ခြင်း)၊ စိတ္တဝိဝေက (နီဝရဏကင်းဆိတ်ခြင်း)၊ ဥပဓိဝိဝေက (ကိလေသာ၊ ခန္ဓာ၊ အဘိသင်္ခါရကင်းတဲ့ နိဗ္ဗာန်) (မဟာနိဒ္ဒေသ၊ ၂၀)။

**တစ်နည်း = ဝိဝေက ငါးပါး**။ တဒင်္ဂဝိဝေက၊ ဝိက္ခမ္ဘနဝိဝေက (သမာပတ်ဖြင့် ကိလေသာမှ ကင်းခြင်း)၊ သမုစ္ဆေဒဝိဝေက၊ ပဋိပဿဒ္ဓိဝိဝေက၊ နိဿရဏဝိဝေက (ပဋိသံ၊ ၃၉၃)။

တုဋ္ဌဿ၊ မဂ်ဉာဏ် ၄ ပါးဖြင့် ရောင့်ရဲတတ်၍။ သုတဓမ္မဿ၊ သိစရာ တရားများကို ထင်ရှားသိပြီး ဖြစ်လျက်။ ပဿတော၊ ခပ်သိမ်းသော တရားကို သိမြင်ပြီးဖြစ်သော ရဟန္တာပုဂ္ဂိုလ်အား။ ဝိဝေကော၊ နိဗ္ဗာန်ဟူသော ဝိဝေကသည်။ သုခေါ၊ ချမ်းသာ၏။

**အဗျာပဇ္ဇံ သုခံ လောကေ** = လောက၌ အမျက် မထွက်ခြင်း (မေတ္တာပုဗ္ဗဘာဂ)၊ **ပါဏဘူတေသု သံယမော** = သတ္တဝါ အပေါင်းတို့အား မညှဉ်းဆဲမိအောင် စောင့်စည်းခြင်း (ကရုဏာပုဗ္ဗဘာဂ)တို့သည် ချမ်းသာ၏။

**သုခါ ဝိရာဂတာ လောကေ၊ ကာမာနံ သမတိက္ကမော** = ကာမဂုဏ်ကို လွန်မြောက်ခြင်း ဟူသော ရာဂ ကင်းသည့် အဖြစ်သည် ချမ်းသာ၏။ အနာဂါမိမဂ်ကို ရည်ညွှန်းသည်။
**အသ္မိမာနဿ ယော ဝိနယော၊ ဧတံ ဝေ ပရမံ သုခံ** = ငါဟူသော မာန်ကို ဆုံးမနိုင်ခြင်းသည် အမြတ်ဆုံး ချမ်းသာဖြစ်၏။ အရဟတ္တမဂ်ကို ရည်ညွှန်းသည်။ (၄ ချက် သရုပ်ဖော်ရန်)။

### ၂။ ရာဇသုတ်

ပေးကမ်းခြင်း စသော သင်္ဂဟဝတ္ထု လေးပါးဖြင့် လူအပေါင်းကို နှစ်သက်စေတတ်သောကြောင့် ရာဇ (ဘုရင်၊ မင်း၊ အုပ်ချုပ်သူ၊ အစိုးရ) ဟု ခေါ်သည် (ဥဒါန-ဋ္ဌ၊ ၉၂)။ ဒါန (ပေးကမ်းခြင်း)၊ ပေယျဝဇ္ဇ (ချစ်ဖွယ် စကားကို ဆိုခြင်း)၊ အတ္ထစရိယ (အကျိုးစီးပွားကို ကျင့်ခြင်း)၊ သမာနတ္တတာ (ကိုယ်နှင့် ထပ်တူပြုခြင်း)။

**သန္နိပတိတာနံ ခေါ ဘိက္ခဝေ ဒွယံ ကရဏီယံ ဓမ္မီ ဝါ ကထာ** အရိယော ဝါ တုဏှီဘာဝေါ **(ဥဒါန၊ ၈၉)။**

Bhikkhus, when you gather together, you have two options: discussing the Dhamma or observing noble silence.

စုဝေးနေကြသော ရဟန်းများအဖို့ တရားစကားပြောခြင်း၊ မြတ်သော ဆိတ်ဆိတ်နေခြင်း ဟူသော ဤပြုဖွယ် နှစ်မျိုးကိုသာ ပြုသင့်၏ (ပြုရမည်)။

-----------------------------

## ၃။ ဒဏ္ဍသုတ်

သာဝတ္ထိမြို့ထဲသို့ ဆွမ်းခံကြွလာစဉ် ကလေးတစ်သိုက် အဆစ်ပြင်း မြွေတစ်ကောင်ကို ဝိုင်းဝန်းပြီး ရိုက်နှက်နေကြတာကို တွေ့တဲ့အခါ

မြတ်ဗုဒ္ဓ .. 'ကလေးတို့ ဘာလုပ်နေကြတာလဲ'

ကလေးများ .. 'မြွေကို ရိုက်နှက်နေကြပါ သည်'

မြတ်ဗုဒ္ဓ .. 'ဘာကြောင့် ရိုက်နှက်ကြတာလဲ'

ကလေးများ .. 'ကိုက်ခံရမည်ကို ကြောက်သောကြောင့် ရိုက်နှက်ပါသည်'

မြတ်ဗုဒ္ဓ .. 'မိမိ ချမ်းသာအတွက် သူတစ်ပါးကို ရိုက်နှက်လျှင် ဘဝသံသရာ၌ မချမ်းသာနိုင်။ မိမိရဲ့ ချမ်းသာကို အလိုရှိလျှင် သူတစ်ပါးကို မနှိပ်စက် မညှဉ်းပန်းရ'။

ဒေသနာ အဆုံး၌ **ကလေးငါးတို့ သောတာပန်** စသည် ဖြစ်သွားကြ၏ (ဓမ္မပဒ-ဌ ၂၊ ၃၃)။

----------------------------

## ၄။ သက္ကာရသုတ်

**အသဗ္ဘာဟိ** = သူတော်ကောင်းတို့ အလယ်၌ မပြောဆိုထိုက်ကုန်သော (စကားများ)

**ဖရုသာဟိ** = သေလုမတတ် အခံကပ်အောင် နာတတ်သော အနာနှင့်တူသည့် ဇာတ်စသည်ဖြင့် နှိမ်ပြော။ သုန္ဒရီပရိဗိုဇ်မကို ဇေတဝန် ကျောင်းတိုက်ထဲကို စေလွှတ်၊ သတ်ပြီး အနီးမှာ မြှုပ်ထား။

ဘာကြောင့် မဟာကရုဏာရှင် မြတ်ဗုဒ္ဓနှင့် ကြည်ညိုဖွယ်ဆောင်တဲ့ သံဃာတွေကို အကြည်ညိုပျက်အောင် လုပ်ကြတာလဲ .. ဘုရားပွင့် ကတည်းက လာဘ် ပူဇော် ကျော်စော နည်းပါးသွားခဲ့လို့ အပြစ်အနာကင်းတဲ့ ပတ္တမြားကို အပြစ်အနာရှိအောင် ကြိုးစားသလို ပြုမူကြခြင်း။

**ယာဝတာ ခေါ စုန္ဒ တေရဟိ သံဃာ ဝါ ဂဏာ ဝါ လောကေ ဥပ္ပန္နာ၊ နာဟံ စုန္ဒ အညံ ဧကသံဃမ္ပိ သမနုပဿာမိ ဧဝံ လာဘဂ္ဂယသဂ္ဂပတ္တံ၊ ယထရိဝါယံ စုန္ဒ ဘိက္ခုသံဃော (ဒီ ၃၊ ၁၀၄)။**

Among all the various orders and groups in the world, I perceive none to be as renowned and widely followed as my Sangha of monks.

**န ဟေတ္ထ ခန္ဓပဉ္စကေ အဟန္တိ ဝါ မမန္တိ ဝါ ပရောတိ ဝါ ပရဿာတိ ဝါ ပဿိတဗ္ဗယုတ္တကံ ကိဉ္စိ အတ္ထိ။ ကေဝလံ သင်္ခါရာ ဧဝ ပန ယထာပစ္စယံ ဥပ္ပဇ္ဇိတွာ ခဏေ ခဏေ ဘိဇ္ဇန္တိ (ဥဒါန-ဌ ၁၊ ၁၀၁)။**

Among the five aggregates, there is no entity that can be identified as 'I,' 'me,' 'other,' or 'other's.' Instead, formations constantly arise and cease in each moment, influenced by various causes.

**နာဟံ ကွစနိ, ကဿစိ ကိဉ္စနတသ္မိံ၊ န စ မမ ကွစနိ, ကတ္ထစိ ကိဉ္စနတတ္ထိ (အံ ၁၊ ၄၉၇)။**

ငါ ဘယ်မှာမှ မရှိ၊ သူ့အတွက် ငါမရှိ (ငါကို ပိုင်ဆိုင်သူ မရှိ)၊ သူ ဘယ်မှာမှ မရှိ၊ ငါ့အတွက် သူမရှိ (ငါပိုင်သော အရာ မည်သည့် နေရာတွင်မှ မရှိ)။

He does not see (his) self anywhere. He does not regard his self an entity that could be taken up by anyone else. He does not see anywhere the self of another. He does not see: 'There is somewhere the self of another that might becorne my belonging'.

----------------------------

## ၅။ ဥပါသကသုတ်

**မဂ်ကိစ္စ ၁၆ ချက် =** မဂ်စိတ်၏ လုပ်ဆောင်ချက်။ သိ ပယ် ဆိုက် ပွား။ ၄ x ၄ = လုပ်ဆောင်ချက် ၁၆ ခု။

**ပုတ္တာ မတ္ထိ ဓနံ မတ္ထိ၊ ဣတိ ဗာလော ဝိဟညတိ။**
**အတ္တာ ဟိ အတ္တနော နတ္ထိ၊ ကုတော ပုတ္တော ကုတော ဓနံ။**

**The foolish person frets, believing, 'I possess sons, I possess wealth.' Yet, when they do not even possess themselves, how can they have sons or wealth?**

## ၆။ ဂဗ္ဘိနီသုတ်

**ပရိဗ္ဗာဇကဿ ပဇာပတိ** = ပရိဗိုဇ်၏ ဇနီး။ ပြဟ္မဏဇာတ်ရှိပြီး အိမ်ထောင်ရှိသူ၊ ဇနီးလည်း ပြဟ္မဏဇာတ်။ ပရိဗိုဇ်တို့ နေထိုင်ရာ ကျောင်းမှာ နေလို့ သူ့ကိုလည်း ပရိဗိုဇ်လို့ ခေါ်။ ပရိဗိုဇ်တွေက အိမ်ရာမထောင်။

**တေလံ အာဟရ** = ဆီကို သွားယူပါ။ နှမ်းဆီ။ သာဖွားကိစ္စ၌ လိုအပ်သည့် အရာတွေကို ရှာခိုင်းခြင်း။ လည်ပင်းထိအောင် သောက်လာပြီး၊ ပြန်အန်ထုတ်၊ အပူပေးလိုက်ရင် တံတွေ သလိပ် စသည် ခန်းသွားပြီး ဆီပဲ ကျန်မည်၊ ထိုဆီကို ပရိဗိုဇ်မ သားဖွားကိစ္စမှာ သုံးမည်။

## ၇။ ဧကပုတ္တကသုတ်

**ဧကမန္တံ =** သင့်ရာအရပ်။ ဝေး၊ နီး၊ လေညာ၊ တူရူ၊ မြင့်၊ နောက်။

**ပိယတ္တုသမ္ဘဝါ သောကဒုက္ခဒေါမနဿာဒယော။ အသတိ ပိယဝတ္ထုသ္မိံ သဗ္ဗသော ဧတေ န သန္တိ။**

Sorrow, pain, grief, and similar emotions often stem from our attachments to things we cherish. In the absence of these attachments, a profound sense of serenity can take hold.

စိုးရိမ်ခြင်း၊ ကိုယ်စိတ် ဆင်းရဲခြင်း၊ စိတ်နှလုံး မသာယာခြင်းတို့သည် ချစ်နှစ်သက်အပ်သော အရာဝတ္ထု ကြောင့် ဖြစ်ရ၏။ ချစ်နှစ်သက်အပ်သော အရာဝတ္ထု မရှိသော် စိုးရိမ်ခြင်း စသည့် ဒုက္ခအားလုံး မရှိ။

**ပိယရူပဿာဒဂဓိတာ =** ချစ်နှစ်သက်အပ်သော ရူပါရုံစသည်၌ သာယာခြင်းဖြင့် တပ်မက်။
ပိယရူပ = ခန္ဓာငါးပါး၊ အာယတန ၁၂ ပါး၊ ဓာတ် ၁၈ ပါး (ခု ၈၊ ၁၂၇ = စူဠနိ၊ ၁၂၇)

**အဃာဝိနော** = ဆင်းရဲကုန်လျက်။
**ပရိဇုန္နာ** = ဆုတ်ယုတ်ကုန်သည်ဖြစ်၍။ နတ်တွေမှာ ဇရာ ဗျာဓိဒုက္ခ မရှိသော်လည်း ယင်းသဘောကို မလွန်မြောက်နိုင်သေးသော ကြောင့် ယင်းတို့ကိုလည်း ထည့်သွင်းဟောကြား။ ဝဋ်လည်ပုံပြ ဂါထာ။

**ယေ ဝေ ဒိဝါ စ** = ဤဂါထာက ဝဋ်ဒုက္ခ ပြတ်စဲပုံပြ။
**အဃမူလ** = ဝဋ်ဆင်းရဲရဲ့ မူလအကြောင်းတရား။ အဝိဇ္ဇာနှင့် တဏှာ။
**ခဏန္တိ** = တူးဖော်ပစ်ကုန်၏။ အရိယမဂ်ဉာဏ်ဟူသော တူရွင်းဖြင့် တူးဖော်။

## ၇။ သုပ္ပဝါသာသုတ်

**ကုဏ္ဍိကာယံ** = ကုဏ္ဍိကာမြို့အနီး၌။ ကောလိလတိုင်း။

**ကုဏ္ဍဓာနဝနေ** = ကုဏ္ဍဓာနတော၌။ မရွေးပေါက်ပေါက်ပါသည့် ယဇ်မီးအိုး။ ယင်းနှင့် ပူဇော်သည်ကို နှစ်သက်သည့် ကုဏ္ဍ (မူကွဲ ကုဏ္ဍီ) မည်သော နတ်ဘီလူး နေသည့် တော။ အနီးရှိ ရွာငယ်ကို ကောလိယ မင်းတို့က မြို့ပြအဖြစ် တည်ထောင်သည်။

### ကောလိယ

ကောလိယမျိုး။ အခြေချ မြို့ ၂ မြို့ .. ရာမဂါမ၊ ဒေဝဒဟ။ ဗာရာဏသီ ဘုရင် ရာမ နူနာရောဂါကြောင့် နိုင်ငံကို သားကြီးကို လွှဲ၊ တောမှာနေ။ သစ်ရွက် သစ်သီးစား၊ ရောဂါပျောက်။ ဩက္ကာက မင်းကြီးရဲ့ သမီးတော် အကြီးဆုံး ပိယာနှင့် လက်ထပ်။ (ပိယာလည်း နူနာရှိ၊ ရာမမင်း ကုသလို့ ရောဂါပျောက်။) သားသမီး ၃၂ ယောက် ဖွားမြင်။ ဗာရာဏသီက သားတော်မင်း အကူအညီနဲ့ တောမှာ မြို့သစ် နန်းသစ်တည်။ ကောလမြို့ (ဆီးပင်ကြီးကို ရှင်းရလို့)၊ ဗျဂ္ဃပဇ္ဇမြို့ (ကျားထောင်ချောက် နေရာဖြစ်လို့) နှစ်မည်ရ။

ဤမင်း အစဉ်အဆက်ကို ကောလိယလူမျိုး။ အနီးမှာ ရောဟိနီမြစ်ရှိ။ ဟိုဖက်ကမ်းရှိ  ကပိလဝတ္ထုမြို့မှာ သကျမျိုးတွေ နေ။ ဩက္ကာကမင်းမှာ သားသမီ ၉ ယောက်။ တောမှာနေ အကြီးဆုံး အစ်မ ပိယာကို အမိအရာထား။ ၎င်းမျိုးဆက်ကို သကျမျိုး။ ကပိလဝတ္ထုမြို့။

သုပ္ပဝါသာရဲ့ ခင်းပွန်း လိစ္ဆဝီမျိုး မဟာလိ။ ပဇ္ဇနိက (မူကွဲ - သဇ္ဇနေလ) ရွာမှာနေကြောင်း သီဝလိထေရ အပဒါန် ပါဠိတော်မှာဆို  (သုပ္ပဝါသာ စ မေ မာတာ၊ မဟာလိ လိစ္ဆဝီ ပိတာ။ အပဒါန၊ ၁၄၉)။ ကောလိယ မင်းသားဟု ဥဒါန်းအဋ္ဌကထာမှာ ဆိုတာကို လိစ္ဆဝီလူမျိုး အကြီးအကဲ တစ်ယောက်ရဲ့ သားက ကောလိယ မင်းသမီးရဲ့ ခင်ပွန်းဖြစ်လို့ ကောလိယမင်းသားဟု ယူလျှင် ဖြစ်နိုင်ဖွယ်ရှိ။

### ပစ္ဆာဟံ ကရိဿာမိ = တပည့်တော် သုပ္ပဝါသာပြီးမှ ဆွမ်းကပ်ပါမည်

သော ဥပါသကော ဒိဋ္ဌသစ္စော = အဲဒီ ဥပါသကာ သစ္စာကို သိပြီးသူ (သောတာပန်)

ဘုရားရှင်အား ရိုသေခြင်း၊ အရှင်မောဂ္ဂလ္လာန်အား လေးစားခြင်း၊ သုဗ္ဗစ (ဆိုဆုံးမလွယ်သူ) ဖြစ်ခြင်း၊ သုပ္ပဝါသာအား ကုသိုလ် တိုးပွားစေခြင်းတို့ကြောင့် မိမိက နောက်မှ ကျွေးမည်ဖြစ်ကြောင်း ဆိုသည်။

### ဥဒါန်း

တဏှာသည် မေ့လျော့သူအား ဒုက္ခကို သုခအသွင်ဖြင့် လှည့်စားပြီး အကျိုးမဲ့ဖြစ်စေပုံကို အံ့ဩမြွက်ဆိုပြု။

----------------------

## ၉။ ဝိသာခါသုတ်

**ပုဗ္ဗာရာမ** = ပုဗ္ဗာရုံကျောင်း၊ သာဝတ္ထိမြို့ရဲ့ အရှေ့ဖက်မှာ ရှိ။ ဇေတဝန် အရှေ့မှာလား၊ အနောက်မှာလား။

**ဝိသာခါ** = ဓနဉ္စယသူဌေးနှင့် သုမနဒေဝီတို့ရဲ့ သမီး။ သူ့ညီမ **သုဇာတာ** (ခပ်ကြမ်းကြမ်း၊ ခပ်ထက်ထက်၊ ခပ်ထန်ထန်) သည် အနာထပိဏ်ရဲ့ ချွေးမ။

**မိဂါရမာတု** = မိဂါရသူဌေး၏ မိခင် အရာ၌ ထားခံသူ ဝိသာခါ သူဌေးကတော်။ ဝိသာခါရဲ့ ခင်ပွန်း နာမည် **ပုဏ္ဏဝဍ္ဎန**၊ မိဂါရသူဌေးရဲ့ သား။

**ဣဿရိယ** = လောကိယိဿရိယ = ရာဇိဿရိယာဒိ

လောကုတ္တရိဿရိယ = စိတ္တိဿရိယ၊ နိရောဓိဿရိယ

**ယောဂ ၄ ပါး** = ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂ။ ဒိဋ္ဌိယောဂကို သောတာပတ္တိမဂ်ဖြင့် ပယ်၊ ကာမယောဂကို အနာဂါမိမဂ်ဖြင့် ပယ်၊ ကျန်ယောဂကို အရဟတ္တမဂ်ဖြင့် ပယ်။

------------------------

## ၁၀။ ဘဒ္ဒိယသုတ်

**အနုပိယမြို့။** သာဝတ္ထိမြို့ အရှေ့တောင်၊ မလ္လာတိုင်း၌ပါဝင်။ ဘုရားလောင်း တောထွက်စဉ် ကပိလဝတ်နှင့် ယူဇနာ ၃ဝ ဝေးတဲ့ အနောမာမြစ်ကို ဖြတ်ကူးပြီး သဲသောင်ပြင်၌ ဆံတော်ပယ်၊ ရဟန်းပြုပြီးနောက် ဤအနုပိယမြို့အနီးရှိ **အနုပိယသရက်ဥယျဉ်**မှာ ၇-ရက်နေပြီးမှ ယူဇနာ ၃ဝ အကွာရှိ ရာဇဂြိုဟ်သို့ ကြွတော်မူသည် (ဇာ-ဋ္ဌ ၁၊ ၇၆)။ ဘုရားဖြစ်ပြီးနောက် ကပိလဝတ်မှ အပြန် ဤအနုပိယမြို့၊ အနုပိယသရက်ဥယျဉ်မှာ သီတင်းသုံးစဉ်မှာပင် ဘဒ္ဒိယ၊ အနုရုဒ္ဓ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ္တ မင်းသား ၆ ယောက်နှင့် ဆံသလုလင် ဥပါလိ အပါအဝင် ၇ ဦးတို့ ရဟန်းပြုကြ (ဝိ ၄၊ ၃၃၆)။

**အနုပိယသရက်ဥယျဉ်**ဟာ ဒီဃနိကာယ် ပါထိကသုတ္တန်ကို ဟောတဲ့ နေရာလည်း ဖြစ်တယ် (ဒီ ၃၊ ၁)။ ဇေတဂ်ဘွဲ့ရ အရှင်ဒဗ္ဗ မလ္လပုတ္တရဲ့ ချက်မြှုပ်မြို့ (ထေရ-ဋ္ဌ ၁၊ ၄၉)။ အနုပိယသရက်ဥယျဉ်ကို မလ္လာမင်းတို့ပိုင်သည်။ ဒီဥယျာဉ်ထဲမှာ ၎င်းမင်းတို့က မြတ်စွာဘုရားအား ကျောင်းဆောက် လှူဒါန်း (ဥဒါန-ဋ္ဌ၊ ၁၄၃)။

ဘဒ္ဒိယဆို ဗုဒ္ဓ မွေးရပ်မှအပြန် ရဟန်းလိုက်ပြုကြတဲ့ သကျမင်းသား ၆ ယောက်ထဲမှာ ပါသူ။ ဥစ္စာကုလိက (အမျိုးမြတ်သူ) တေဒဂ်ရ။

**ဣတိ ဘဝါဘဝဉ္စ** = ဘဝါဘဝ = ဘဝ၊ အဘဝ။

ဘဝ = သမ္ပတ္တိ၊ ဝုဍ္ဎိ၊ သဿတ၊ ပုည၊ သုဂတိ၊ ခုဒ္ဒက။

အဘဝ = ဝိပတ္တိ၊ ဟာနိ၊ ဥစ္ဆေဒ၊ ပါပ၊ ဒုဂ္ဂတိ၊ မဟန္တ။

----------------------------

## ၃။ နန္ဒဝဂ်

## ၂။ နန္ဒသုတ်

**မာတုစ္ဆာပုတ္တော** = မာတုစ္ဆာ မာတုဘဂိနီ။ စူဠမာတုပုတ္တော။ မဟာပဇာပတိဂေါတမိယာ ဟိ သော ပုတ္တော။ ကိလေသာ စိတ်ပြင်းပြနေတဲ့ အရှင်နန္ဒကို မြတ်စွာဘုရားက နတ်သမီးတွေကို ဘာကြောင့် ပြ။

**သုခေနေဝသ ကိလေသေ နီဟရိတုံ။** လိမ္မာတဲ့ ဆေးသမားသည် ရှေးဦးစွာ ဝမ်းနုတ်ဆေး တိုက်ပြီးမှ အစွမ်းထက်တဲ့ ရောဂါကို ပျောက်စေတဲ့ ဆေးမှန်ကို တိုက်ကျွေးသလို၊ အရိယမဂ်ဟူသော အမြိုက်ဆေးဖြင့် ကုသလိုတဲ့အတွက် ရှေးဦး စွာ သာသနာမှာ ဆက်၍ နေစေရန် နတ်သမီးတွေကို ပြသည်။

**အဃံ တေ ပါဋိဘောဂေါ။** အရှင်နန္ဒကို သာသနာ့ဘောင်မှာ နေစေချင်လို့ နတ်သမီးတွေကို ရဖို့ မြတ်စွာဘုရားက ဘာကြောင့် တာဝန်ယူရသလဲ။ အာဂန္တုက အာရုံသို့ ပြောင်းပေးခြင်းဖြင့် အရှင်နန္ဒမှာ စူးဝင်နေတဲ့ ရာဂဆူးကို အလွယ်တကူ ပယ်ရှားရန် မြတ်စွာဘုရားက တာဝန်ယူ ကတိပေးခြင်း ဖြစ်သည်။ မြတ်စွာ ဘုရားတို့ တရားဟောတဲ့အခါ အစဉ်အတိုင်း တစ်ဆင့်ချင်း ဟောကြားတော်မူတယ်။ အရင်ဆုံး လွယ်ကူတဲ့ ဒါနကထာ၊ ပြီးမှ အကျိုးကို ဖော်ပြတဲ့ သဂ္ဂကထာ၊ မဂ္ဂကထာ၊ ကာမာနံ အာဒီနဝကထာ တွေကို ဟောကြားတယ်။

**အသောသုံ။** ကြားကြကုန်ပြီ။ အရှင်နန္ဒကို နတ်သမီးတွေပြ၊ တာဝန်ယူပြီးနောက် မိမိသီတင်းသုံးရာ ဂန္ဓကုဋိတိုက်ခိန်းသို့ ပြန်ရောက်တဲ့အခါ အနီးအနားကို ရောက်လာကြတဲ့ ရဟန်းတွေကို မြတ်စွာဘုရားက အရှင်နန္ဒအကြောင်း ကို ပြောတယ်။ ရည်ရွယ်ချက်က ရဟန်းတွေရဲ့ ‘ဘတက၊ ဥပက္ကိတက’လို့ ခေါ်ဝေါ် ကျီစယ်သံကို အရှင်နန္ဒ ကြားရတဲ့အခါ သတိသံဝေဂ ဖြစ်ပြီး အမှန်တကယ် တရားရှုမှတ်နိုင်စေရန် ဖြစ်ပါတယ်။

**ဝူပကဋ္ဌော** = ဆိတ်ငြိမ်ရာသို့ သွား၍။ ‘ဝတ္ထုကာမ၊ ကိလေသကာမ၊ ကာယ၊ စိတ္တ’လေးမျိုးဖြင့် ဆိတ်ငြိမ်။

**ကုလပုတ္တာ =** အမျိုးကောင်းသား သမီး။ ဇာတိကုလပုတ္တ၊ အာစာရကုလပုတ္တ။

**ဗြဟ္မစရိယပရိသောသာနံ** = ဗြဟ္မစရိယရဲ့ အဆုံး။ ဗြဟ္မစရိယ ၂ မျိုး။ သာသနဗြဟ္မစရိယ (ပိဋကတ်သုံးပုံ၊ ကျင့်ကြံမည့် လမ်းစဉ်)၊ မဂ္ဂဗြဟ္မစရိယ (အရိယမဂ်၊ ဖိုလ်)။ မဂ္ဂဗြဟ္မစရိယရဲ့ အဆုံးက အရဟတ္တဖိုလ်ကို ရရှိခြင်း။

**အညတရာ ဒေဝတာ** = အဓိဂတမဂ္ဂါ ဧကာ ဗြဟ္မဒေဝတာ။ သာ ဟိ သယံ အသေက္ခတ္တာ အသေက္ခဝိသယံ အဗ္ဘညာသိ (ဥဒါန-ဋ္ဌ၊ ၁၇၅)။

------------------------

## ၃။ ယသောဇသုတ်

**ဝင်းမေတ္တာ ဓမ္မသင်တန်းသူ သင်တန်းသား ယောဂီများ စုပေါင်း၍**
**သတ္တုဒါန (သီကြားဥဒါန်း) သုတ္တန်ကို ရွတ်ပူဇော်ခြင်း အစီအစဉ်**
**သာသနာတော်နှစ် ၂၅၆၇ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ … …  လ … ရက်၊**
**ခရစ်နှစ် ၂၀၂၄ ခုနှစ်၊ … … လ … ရက်၊ တနင်္ဂနွေနေ့။**

-------------------

၁။ **နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**။ သာသနာတော်နှစ် ၂၅၆၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ … လ … ရက်၊ ခရစ်နှစ် ၂၀၂၄ ခုနှစ်၊ … လ … ရက်၊ တနင်္ဂနွေနေ့။ ဝင်းမေတ္တာ ဓမ္မသင်တန်းသူ သင်တန်းသားများ စုပေါင်း၍ သုတ္တန္တပိဋက၊ ခုဒ္ဒကနိကာယ်၊ ဥဒါနပါဠိတော်၌ လာသော ယသောဇသုတ္တန်ကြီးကို စာပိုဒ်အလိုက် တာဝန်ယူ၍ မိမိတို့ ကျရာစာပိုဒ်များကို ယခုအချိန်မှ စတင်၍ ရွတ်ဖတ်ပူဇော်ကြမှာ ဖြစ်ပါတယ်။ ဒီသုတ္တန်ကြီးကို မရွတ်ဖတ်ခင်မှာ ဒီသုတ္တန်နှင့် စပ်လျဉ်း၍ သိမှတ်ဖွယ်ရာများနှင့် သုတ္တန်တရားတော်ရဲ့ အနှစ်ချုပ်ကို  နာယူ ကြည်ညို ပူဇော်ကြပါဦးစို့။

၂။ အရှင်ယသောဇ မထေရ်ဟာ ကိုးဆယ့်တစ် ကမ္ဘာအလွန်က ပွင့်တော်မူတဲ့ ဝိပဿီဘုရားရှင် လက်ထက်မှာ ဥယျဉ်စောင့်မျိုးမှာဖြစ်ပြီး ဘုရားရှင်ကို တောင်ပိန္နဲသီး လှူဒါန်းပြီး ဆုတောင်း အထူးပြုခဲ့ပါတယ်။ ဤဘဒ္ဒကမ္ဘာမှာ ၃ ဆူမြောက် ပွင့်တော်မူတဲ့ ကဿပဘုရား သာသနာနှောင်း ပိုင်းမှာတော့ ခိုးသား ခေါင်းဆောင် ဖြစ်ခဲ့ပါတယ်။ ခိုးမှုကို ကျူးလွန်ပြီးနောက် မြို့နေသူတို့က လိုက်လံ ဖမ်းဆီးတဲ့အခါ တောကျောင်းနေ ရဟန်းတစ်ပါးထံ ရောက်သွားပြီး ရဟန်းတော်ရဲ့ အဆုံးအမ၌ တည်၍ ငါးပါးသီလကို မြဲမြံအောင် ဆောက်တည်ကြပါတယ်။ ဝိုင်းဝန်းလိုက်လာတဲ့ မြို့သူမြို့သားတို့ရဲ့ ဖမ်းဆီး သတ်ဖြတ်ခြင်းကို ခံရတဲ့အခါ ရန်မတုံ့ပြန်ဘဲ သီလမကျိုးပေါက်အောင် စောင့်ထိန်းနိုင်ခဲ့တဲ့ ကုသိုလ်ထူးကြောင့် ကွယ်လွန်တဲ့အခါ ကာမာဝစရ နတ်ပြည်မှာ ဖြစ်ကြရပါတယ်။

၃။ ဤဂေါတမ ဘုရားရှင်လက်ထက်မှာတော့ သာဝတ္ထိမြို့ အဝင်တံခါးအနီး တံငါရွာမှာ ‘ယသောဇ’ နာမည်နဲ့ ရွာသူကြီးရဲ့သား ဖြစ်လာတယ်။ ကျန်တဲ့ မိတ်ဆွေတွေကလည်း ဒီရွာမှာပဲ အတူ မွေးဖွားလာကြပြီး သူတို့အားလုံး တံငါအလုပ်ကို လုပ်ကိုင်ကြပါတယ်။ အစိရဝတီမြစ်အတွင်း ငါးတွေကို ပိုက်ကွန်နဲ့ ဖမ်းဆီးကြရင်း တစ်နေ့မှာ ရွှေရောင်အဆင်းရှိတဲ့ ငါးကြီးတစ်ကောင်ကို ဖမ်းမိပြီး ဒီငါးကြီးကို အံ့သြစရာ အနေနဲ့ ဘုရင် ကောသလမင်းကို ဆက်သကြတဲ့အခါ ဘုရင်က ရွှေငါးကြီးအကြောင်းနှင့် ပတ်သက်ပြီး မြတ်ဗုဒ္ဓကို မေးမြန်းပါတယ်။ မြတ်ဗုဒ္ဓက ဒီရွှေငါးကြီးဟာ ကဿပဘုရား လက်ထက်က ရဟန်းဖြစ်ခဲ့ကြောင်း မိန့်တော်မူပြီးလျှင် ကပိလသုတ္တန်ကို ဟောတော်မူပါတယ်။

၄။ ကပိလသုတ္တန် အရ .. ဤဘဒ္ဒကမ္ဘာမှာ ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် တစ်ခုသော ကာလမှာ သောဓန၊ ကပိလ၊ သာဓိနီ၊ တာပနာ အမည်ရတဲ့ မောင်နှမ လေးယောက်တို့ ဒီဘုရားရှင်ရဲ့ တပည့်သာဝက တွေထံမှာ ရဟန်းပြုခဲ့ကြတယ်။ အကြီးဆုံးဖြစ်တဲ့ သောဓန ရဟန်းဟာ ဆရာရဟန်းတွေဆီမှာ စာပေ

သင်ကြားပြီး တောရဆောက်တည် ကြိုးစားပြီး တရားအားထုတ်လို့ ရဟန္တာ ဖြစ်သွားပါတယ်။ အငယ် ဖြစ်တဲ့ ကပိလရဟန်းကတော့ စာပေသင်ယူပြီး ပိဋကတ်သုံးပုံဆောင် ရဟန်းတော် ဖြစ်သွားတယ်။ တရား အားမထုတ်ဘဲ ပရိယတ္တိကို အမှီပြုပြီး ဘုန်းကံကြီးမား လာဘ်ပေါ်များလို့ ဗဟုသုတ မာန်ယစ်ရင်း အမှား ကို အမှန်လုပ်ပြီး ဟောပြောမိတဲ့ အကုသိုလ်ကြောင့် ကွယ်လွန်တဲ့အခါ အပါယ်ငရဲကို ရောက်ပြီး ဂေါတမ ဘုရားလက်ထက်မှာ ရွှေရောင်ဝင်းပေမဲ့ ခံတွင်းအနံ့ မကောင်းတဲ့ ကပိလငါးကြီး ဖြစ်လာရတယ်။

၅။ အဲဒီ ကပိလသုတ္တန်ရဲ့ အဆုံးမှာ ယသောဇနှင့် သူငယ်ချင်းငါးရာတို့ သံဝေဂရပြီး ရဟန်းပြုခဲ့ကြပါ တယ်။ အဲဒီနောက် အရှင်ယသောဇ အမှူးပြုတဲ့ ရဟန်းတော်တွေဟာ ဆိတ်ငြိမ်ရာ အရပ်ဒေသမှာ သီတင်းသုံး ကြပြီးနောက် မြတ်စွာဘုရားကို ဖူးမြော်ရန် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်သို့ ရောက်လာစဉ်မှာ ကျောင်းနေ ရဟန်းတော်တွေနဲ့ ဝမ်းသာအားရ နှုတ်ဆက်ကြရင်း ကျောင်းဝင်းအတွင်း ဆူဆူညံညံသံ ဖြစ်ပေါ်တာကို အကြောင်းပြုပြီး မြတ်စွာဘုရားက ‘ရဟန်းတို့ သွားကြကုန်လော့၊ သင်တို့ ကို ငါနှင်၏၊ သင်တို့သည် ငါ့အထံ၌ မနေရ’လို့ ကျောင်းမှ ထွက်သွားရန် မိန့်တော်မူပါတယ်။ ရဟန်းတော် တွေလည်း ‘ကောင်းလှပါပြီ မြတ်စွာဘုရား’လို့ မြတ်စွာဘုရားကို ဝန်ခံပြီး ဝဇ္ဇီတိုင်းအတွင်းရှိ ဝဂ္ဂုမုဒါ လို့ခေါ်တဲ့ မြစ်ကမ်းမှာ သစ်ရွက်ကျောင်း ဆောက်ပြီး ဝါဆိုကြတယ်။

၆။ ဝါတွင်းကာလမှာ အရှင်ယသောဇရဟန်းတော်က သီတင်းသုံးဖော် ရဟန်းတော်တွေကို ‘အရှင်ဘုရား တို့၊ ရှင်တော် ဘုရားဟာ တပည့်တော်တို့ကို သနားကြင်နာတော်မူ၍ နှင်ထုတ်တော်မူခြင်း ဖြစ်ပါတယ်၊ တပည့်တော်တို့သည် ရှင်တော်ဘုရား နှစ်သက်တော်မူတဲ့အတိုင်း နေထိုင်ကြပါစို့’လို့ မိန့်တော်မူပါတယ်။ သီတင်းဖော် ရဟန်းတော်တွေလည်း နှစ်သက်ဝမ်းသာစွာ သဘောတူကြလျက် ဘုရားရှင် နှစ်သစ်စေရန် ကြိုးစားပြီး တရား အားထုတ်ကြတဲ့အတွက် ဝါတွင်းကာလမှာပင် ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်ဆိုတဲ့ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံတဲ့ ရဟန္တာတွေ ဖြစ်သွားကြပါတယ်။

၇။ မြတ်ဗုဒ္ဓလည်း သာဝတ္ထိမှ ဝဇ္ဇီတိုင်းသားတို့ နေရာ ဝေသာလီမြို့သို့ ဒေသစာရီကြွချီးပြီး မဟာဝုန်တော ပြာသာဒ်ကျောင်းမှာ သီတင်းသုံးတော်မူပါတယ်။ အဲဒီအခါမှာ ရှင်တော် ဗုဒ္ဓဟာ ဝဂ္ဂုမုဒါ မြစ်ကမ်းမှာ သီတင်းသုံးတော်မူနေကြတဲ့ ရဟန်းတော်တွေ ရဟန္တာဖြစ်သွားကြောင်းကို သိတော်မူတဲ့အတွက် အရှင် အာနန္ဒာကို ‘အာနန္ဒာ၊ ဝဂ္ဂုမုဒါ မြစ်ကမ်းမှာ သီတင်းသုံးနေကြတဲ့ ရဟန်းတော်တွေကို ငါဘုရား ရှုမြင်လိုတဲ့ အတွက် ရဟန်းတစ်ပါးကို စေလွှတ်ပြီး အကြောင်းကြားလိုက်ပါ’လို့ မိန့်တော်မူပါတယ်။ အရှင်ယသောဇ အမှူးပြုတဲ့ ရဟန်းတော်တွေဟာ ဈာန်အဘိညာဏ်ကို ရပြီးဖြစ်ကြတဲ့အတိုင်း သိလျှင်သိချင်းပဲ ကျောင်း အိပ်ရာကို သိမ်းဆည်းလျက် သပိတ်သင်္ကန်းကိုယူပြီး ထိုအရပ်မှ ပျောက်ကွယ်လျက် မဟာဝုန် ပြာသာဒ် ကျောင်းရှိ ဘုရားရှင်ရဲ့ ရှေ့မှောက်မှာ ထင်ရှားဖြစ်သွားကြပါတယ်။

၈။ ထိုစဉ်အခါ မြတ်ဗုဒ္ဓသည် မတုန်မလှုပ် အရဟတ္တဖိုလ် သာမဓိဖြင့် နေတော်မူတယ်။ အရဟတ္တဖိုလ်ကို ရပြီးဖြစ်ကြတဲ့ အရှင်ယသောဇနဲ့ ရဟန်းတော်တွေလည်း မြတ်စွာဘုရားရဲ့ စိတ်တော်ကို သိတော်မူတဲ့ အတွက် မြတ်စွာဘုရား နည်းတူပင် အရဟတ္တဖိုလ် သမာဓိနဲ့ နေတော်မူကြတယ်။ သောတာပန်မျှ ဖြစ်တဲ့

အရှင်အနန္ဒာက ရဟန္တာတို့ရဲ့ စိတ်ကို သိတော်မမူတဲ့အတွက် ပထမယံမှာ တစ်ကြိမ်၊ မဇ္ဈိမယံမှာ တစ်ကြိမ်၊ ပစ္ဆိမယံမှာ တစ်ကြိမ် 'မြတ်စွာဘုရား၊ အာဂန္တု ရဟန်းတော်များ ထိုင်နေရသည်မှာ ကြာပြီဖြစ်၍ နှုတ်ဆက်စကား ဆိုတော်မူပါ ဘုရား'လို့ သုံးကြိမ်တိုင်တိုင် လျှောက်ထားတယ်။

၉။ မိုးသောက်ယံကို လွန်၍ အရုဏ်တက်တဲ့အခါ မြတ်စွာဘုရားသည် အရဟတ္တဖိုလ် သမာဓိမှ ထပြီးတဲ့အခါ 'အာနန္ဒာ၊ သင်သည် အကယ်၍ သိခဲ့မူ ဤမျှလောက် လျှောက်ထားမည် မဟုတ်ရာ။ ငါဘုရားရော ဤရဟန်းငါးရာတို့ပါ တုန်လှုပ်ခြင်း မရှိတဲ့ စတုတ္ထဈာန်နှင့်ယှဉ်တဲ့ အရဟတ္တဖိုလ်သမာဓိဖြင့် နေကုန်၏'လို့ မိန့်တော်မူပါတယ်။ အရှင်အာနန္ဒာက ရဟန္တာပုဂ္ဂိုလ်တို့ရဲ့ သမာပတ်နဲ့ နေထိုင်တာကို မသိနိုင်လို့ လောကီနှုတ်ဆက်စကားဆိုဖို့ သတိပေးသော်လည်း မြတ်စွာဘုရားမူကား လောကုတ္တရာ နှုတ်ဆက်စကား ဆိုခြင်းဖြင့် တစ်တာ ကုန်လွန်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီနောက် မြတ်စွာဘုရားသည် ရဟန်းငါးရာတို့ စတုတ္ထဈာန် အရဟတ္တဖိုလ် သမာဓိနှင့် နေခဲ့သည်ကို အလုံးစုံ သိတော်မူသဖြင့် ဤကဲ့သို့ ဥဒါန်း ကျူးတော်မူပါတယ်။

၁၀။ 'ကာမဆူးငြောင့်ကိုလည်းကောင်း၊ ဆဲရေးခြင်းကိုလည်းကောင်း၊ သတ်ဖြတ်ခြင်းကိုလည်းကောင်း၊ နှောင်ဖွဲ့ခြင်းကိုလည်းကောင်း အောင်နိုင်သူ ရဟန်းသည် တောင်ကဲ့သို့ မတုန်မလှုပ် တည်၏။ ထိုရဟန်းသည် ချမ်းသာဆင်းရဲသောကြောင့် မတုန်လှုပ်'လို့ ဥဒါန်းကျူးတောင်မူပါတယ်။ ဝင်းမေတ္တာ ဓမ္မသင်တန်းသား ယောဂီအပေါင်းတို့၊ ဤကဲ့သို့ အရှင်ယသောဇနဲ့ ရဟန်းငါးရာတို့ အရဟတ္တဖိုလ်ကို ရခြင်းကြောင့် ချမ်းသာ ဆင်းရဲကို အကြောင်းပြု၍ မတုန်လှုပ်တဲ့ တာဒိဂုဏ်နှင့် ပြည့်စုံသွားပုံကို ဖော်ပြတဲ့ မြတ်စွာဘုရားရဲ့ ဥဒါန်းတော်ကို အာရုံယူပြီးလျှင် 'ယသောဇသုတ္တန်' ဒေသနာတော်ကို သဒ္ဓါထုံပွား ကြည်ညိုသော စိတ်ထားဖြင့် ရွတ်ပွားပူဇော်ကြပါစို့။

-----------------------------

## ၄။ သာရိပုတ္တသုတ်

**တေမတ္ထံ ဝိဒိတွာ =** စတုတ္ထဈာန်ကို အခြေဝင်စားတဲ့ အရဟတ္တဖိုလ်နှင့် ယှဉ်တဲ့ဈာန်နှင့် နေခြင်း၊ ထိုကဲ့သို့သော အဆင့်မြင့် ဈာန်သမာပတ်နှင့် နေတဲ့အတွက် ကျောက်တိုင်ကဲ့သို့ မတုန်လှုပ်တဲ့ စိတ်မျိုး ဖြစ်ခြင်းကို မြတ်ဗုဒ္ဓ သိတော်မူသောကြောင့် မြတ်ဗုဒ္ဓ ဥဒါန်းကျူးတော်မူသည်။

## ၅။ မဟာမောဂ္ဂလ္လာနသုတ်

**ဖဿာယတန** = ဖဿ + အာယတန၊ ဖဿ၏ တည်ရာ။ အရကောက် စက္ခုပသာဒ စသည့် ၆ ပါး

**စက္ခုသမ္ဖဿ** = မြင်သိစိတ်နှင့် အတူဖြစ်တဲ့ ထိတွေ့မှု (ပသာဒ + အာရုံ)

**စက္ခုသမ္ဖဿဇ** = ယင်းထိတွေ့မှုကြောင့် ဖြစ်တဲ့ ဝေဒနာ သညာ စသည်

## ၆။ ပိလိန္ဒဝစ္ဆသုတ်

**ဝါသနာ** = ပါဠိဝေါဟာရ၊ 'အထုံ'လို့ မြန်မာမှု ပြုပါတယ်။ 'ပမာခင်းမူ၊ ပုလင်းအိုးဝယ်၊ သေရက်လှယ်သော်၊ မပြယ်နံ့ဟောင်း၊ အငွေ့လှောင်းသို့၊ လှည့်ပြောင်းခန္ဓာ၊ အဖြစ်မှာလျှင်၊ မကွာစဉ်ဆိုက်၊ အမြဲလိုက်၍၊ ရှေး၌လေ့လာ၊ ဝါသနာဖြင့်' ဆိုတဲ့ ဘူရိဒတ်ဇာတ် ပေါင်းပျို့ (ပိုဒ် – ၅၂) စာအရ အရက်အိုး ငံပြာရည်အိုး ဟောင်းတွေမှာ အရက် ငံပြာရည် မရှိတော့ပေမယ့် မူလအနံ့ မပျောက်သလို ဒီဘဝမှာ တွေ့ရတဲ့ ယခင်ဘဝ အလေ့အကျက်ဟောင်းကို 'ဝါသနာ'လို့ ခေါ်ပါတယ်။ **ကံ ကိလေသာတို့ရဲ့ သတ္တိအထုး။**

### နှစ်မျိုး

ကုသိုလ်အထုံနဲ့ အကုသိုလ်အထုံလို့ (ဒီနေရာမှာ) နှစ်မျိုး မှတ်နိုင်တယ်။ ကုသိုလ်အထုံကို အရိယမဂ်နဲ့ ပယ်စရာ မလိုဘူး။ ကုသိုလ်အထုံ ပါလို့ အရိယမဂ်ကို ရတာ။ အကုသိုလ်အထုံက ၁) အပါယ်ကို ရောက်စေတဲ့ အထုံနဲ့ ၂) ကိုယ်အမူ နှုတ်အမူကို ဖြစ်စေတဲ့ အထုံလို့ နှစ်မျိုး ရှိတယ်။ အမှတ် ၁) အကုသိုလ် အထုံကို အရိယမဂ်ကို ရပြီးသူ အားလုံး ပယ်နိုင်တယ်။ အမှတ် ၂) အကုသိုလ် အထုံကျတော့ မြတ်စွာ ဘုရားရဲ့ အရိယမဂ်နဲ့သာ ပယ်နိုင်တယ်။ ဘုရားမှ တစ်ပါးသော အရိယာတို့ရဲ့ မဂ်နဲ့ မပယ်နိုင်ဘူး။ ပင်းယခေတ် စတုရင်္ဂဗလ အမတ်ကြီး ရေးတဲ့ အဘိဓာန် ဋီကာကျမ်း (စာ-၄၉၈)ရဲ့ ဖွင့်ဆိုချက်။

### ပိလိန္ဒဝစ္ဆ

နတ်တွေ ချစ်မြတ်နိုးခံရရာမှာ ဘုရားပြီးရင် ပိလိန္ဒဝစ္ဆ ရဟန္တာကြီးဟာ အသာဆုံး တေဒဂ် ဘွဲ့ရတယ်။ နတ်တွေ ချစ်မြတ်နိုးတဲ့ နေရာမှာ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလ္လာန်တို့ထက် ဒီရဟန္တာကြီးက သာတယ်လို့ နားလည်ရ တယ်။ ဒါပေမယ့် လူတွေကိုရော ရဟန်းတွေကိုပါ 'လူယုတ်'လို့ ခေါ်ဝေါ်လေ့ရှိတယ်။ ရဟန္တာ ဖြစ်ရက်နဲ့ ဘာလို့ အဲဒီလို နှုတ်ထွက် ကြမ်းရသလဲလို့ ရဟန်းတွေက မေးတဲ့အခါ မြတ်ဗုဒ္ဓက 'ဘဝငါးရာဆက်တိုက် လေ့ကျက် ပွားထုံခဲ့တဲ့ ကိလေသာရဲ့ အငွေ့သတ္တိဆိုတဲ့ ဝါသနာကြောင့် အဲဒီလို နှုတ်ထွက် ကြမ်းတာ၊ ဒါပေမယ့် ဒေါသ စေတနာ မပြဋ္ဌာန်း ဘူး'။ အရှင်မြတ်ဟာ ဘဝငါးရာ ဆက်တိုက် သူတစ်ပါးကို လူယုတ်လို့ ခေါ်တတ်တဲ့ ပုဏ္ဏားမျိုးမှာ ဖြစ်ဖူးတယ်။ ဒါက အမှတ် ၂) အကုသိုလ် အထုံမျိုးပေါ့။

### ကောက်ချက်

နတ်ချစ် တေဒဂ်ဘွဲ့ရ အရှင်ပိလိန္ဒဝစ္ဆ ရဟန္တာကြီးရဲ့ ကိုယ်နှုတ်နှလုံးကို စောင့်စည်းမှုနဲ့ သွင်ပြင် တည်ငြိမ်မှုဟာ အရှင်သာရိပုတ္တရာစတဲ့ ခေတ်ပြိုင် ဗုဒ္ဓရဲ့ သာဝကကြီးတွေနဲ့ အလွန်ကြီး မခြားနားနိုင်ဘူးလို့ ယူဆတယ်။ ဖော်ပြပါ ဖြစ်ရပ်အရ ဒီရဟန္တာကြီး အနေနဲ့ နှုတ်အမူကို ဖြစ်စေတဲ့ အကုသိုလ် အထုံကို မပယ်နိုင်တာလည်း အမှန်ပါပဲ။ ဒါကြောင့် ရဟန္တာကြီးတွေမှာ အပြင်ပန်းအရ အဲဒီလို မပယ်နိုင်တဲ့ အထုံဝါသနာ အငွေ့အသက်မျိုး ရှိတာကို အချို့မှာ ကြုံတောင့်ကြုံခဲ အချို့မှာ တစ်ခါတစ်ရံ အချို့မှာ မကြာခဏ တွေ့ရတတ်တယ်လို့ ကောက်ချက် ဆွဲရင် ဖော်ပြပါ စတုရင်္ဂဗလ အမတ်ရဲ့ အဆိုနဲ့ ညီပါတယ်။

---------------------

## ၇။ သက္ကုဒါနသုတ်
## ဝင်းမေတ္တာ ဓမ္မသင်တန်းသူ သင်တန်းသား ယောဂီများ စုပေါင်း၍
## သက္ကုဒါန (သိကြားဥဒါန်း) သုတ္တန်ကို ရွတ်ပူဇော်ခြင်း အစီအစဉ်
## သာသနာတော်နှစ် ၂၅၆၇ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ တပေါင်း လဆန်း ၈ ရက်၊
## ခရစ်နှစ် ၂၀၂၄ ခုနှစ်၊ မတ်လ ၁၇ ရက်၊ တနင်္ဂနွေနေ့။

-------------------

၁။ **နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**။ သာသနာတော်နှစ် ၂၅၆၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ တပေါင်း လဆန်း ၈ ရက်၊ ခရစ်နှစ် ၂၀၂၄ ခုနှစ်၊ မတ်လ ၁၇ ရက်၊ တနင်္ဂနွေနေ့။ ဝင်းမေတ္တာ ဓမ္မသင်တန်းသူ သင်တန်းသားများ စုပေါင်း၍ သုတ္တန္တပိဋက၊ ခုဒ္ဒကနိကာယ်၊ ဥဒါနပါဠိတော်၌ လာသော သက္ကုဒါန (သိကြားဥဒါန်း)လို့ အမည်ရတဲ့ သုတ္တန်ကြီးကို စာပိုဒ်အလိုက် တာဝန်ယူ၍ မိမိတို့ ကျရာ စာပိုဒ်များကို ယခုအချိန်မှစတင်၍ ရွတ်ဖတ်ပူဇော်ကြမှာ ဖြစ်ပါတယ်။ ဒီသုတ္တန်ကြီးကို မရွတ်ဖတ်ခင်မှာ ဒီသုတ္တန်နှင့် စပ်လျဉ်း၍ ကြည်ညိုဖွယ် သိမှတ်စရာများနှင့် သုတ္တန်တရားတော်ရဲ့ အနှစ်ချုပ်ကို နာယူ ကြည်ညို ပူဇော်ကြပါဦးစို့။

၂။ အရှင်မဟာကဿပမထေရ်ဟာ ဗုဒ္ဓသာသနာမှာ အလွန် ထင်ရှားပါတယ်။ အရှင်မြတ်ဟာ ရဟန်းဖြစ်တဲ့ နေ့မှစပြီး အသက်ထက်ဆုံး ဓုတင် ၁၃ ပါးလုံးကို ကျင့်တော်မူတဲ့ အတွက် ဓုတင်အရာမှာ ဧတဒဂ်ဘွဲ့ရသူ ဖြစ်ပါတယ်။ ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန် စံလွန်ပြီးနောက် သုံးလခန့်အကြာမှာ ဆဠဘိညလို့ခေါ်တဲ့ အဘိညာဏ် ၆ ပါးနဲ့ ပြည့်စုံကြတဲ့ ရဟန္တာကြီးတွေရဲ့ ရွေးချယ်တင်မြှောက်မှုဖြင့် အရှင်မဟာကဿပမထေရ်ဟာ သံတော်များရဲ့ ဦးဆောင်မထေရ်ကြီး ဖြစ်လာပြီး ကြပြန့်နေတဲ့ မြတ်ဗုဒ္ဓရဲ့ တရားတော်တွေကို စုစည်းဖို့ ရည်ရွယ်ချက်နဲ့ ပထမသံဂါယနာပွဲကို ဦးဆောင် ကျင်းပတော်မူခဲ့ပါတယ်။ အရှင်မြတ်ရဲ့ ထူးခြားပြီး ကြည်ညို မြတ်နိုးဖွယ် ပုဂ္ဂိုလ်ရေး စရိုက်လက္ခဏာတစ်ခုမှာ ဆင်းရဲတဲ့ သတ္တဝါတွေကို ချီးမြှောက်လိုတဲ့ ဆန္ဒနဲ့ မကြာခဏ နိရောဓသမာပတ်ကို ဝင်စားတော်မူခြင်း ဖြစ်ပါတယ်။

၃။ အလှူခံ ပုဂ္ဂိုလ်သည် အနာဂါမ် သို့မဟုတ် ရဟန္တာဖြစ်ခြင်း၊ အလှူရှင်သည် စေတနာ ထက်သန်ခြင်း၊ တရားသဖြင့် ရတဲ့ လှူဖွယ်ဝတ္ထုဖြစ်ခြင်း၊ အလှူခံပုဂ္ဂိုလ်က နိရောဓသမာပတ်မှ ထပြီးခါစ ဖြစ်ခြင်း ဆိုတဲ့ အကြောင်း လေးခုနဲ့ ပြည့်စုံရင် ဒိဋ္ဌဓမ္မ (ယခုလက်ငင်း) အကျိုးပေးကြောင်း ကျမ်းဂန်မှာ မှမ်းဆိုပါတယ်။ 'အကာဆူးခက်၊ အင်ဖက်အမိုး၊ ကျူရိုးတိုင်ထူ၊ နေပူကျဲကျဲ၊ ဝက်သိုက်ထဲတွင်၊ အုတ်ခဲခေါင်းအုံး၊ အိုးတစ်လုံးဖျာမရှိ၊ ဘူမိကမ္ဗလာ၊ မြေမွေ့ယာနှင့်'လို့ စာတင်ရလောက်အောင် ဆင်းရဲတဲ့ ကာကဝဋ္ဋိယလို့ အမည်ရတဲ့ ဆင်းရဲသား ဇနီးမောင်နှံဟာ နိရောဓသမာပတ်မှ ထပြီးခါစ အရှင်မဟာကဿပကို သစ်ရွက်နှင့်ရောတဲ့ ဆားမပါ အရသာချဉ်တဲ့ ယာဂု.ကစည်ရည်ကို လှူဒါန်းတဲ့ ကုသိုလ်ကြောင့် ၇ ရက် အကြာမှာ သူဌေးဘဝကို ရရှိသွားကြောင်းလည်း ကျမ်းဂန်မှာ ဖော်ပြပါတယ်။

၄။ အခါတစ်ပါးမှာ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးရာဖြစ်တဲ့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူပါတယ်။ ထိုအခါ အသျှင်မဟာကဿပသည် ပိပ္ပလိလိုဏ်ဂူ၌ ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ် သမာဓိကို ဝင်စားလျက် တင်ပလ္လင်ခွေ တစ်ထိုင်တည်းဖြင့်

ထိုင်နေတော်မူတယ်။ အရှင်မြတ်သည် ထိုခုနစ်ရက် လွန်၍ နိရောဓသမာပတ် သမာဓိမှထတော်မူပြီးနောက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်ရန် အကြံဖြစ်တော်မူတယ်။ အဲဒီအခါ သိကြားမင်းရဲ့ အခစားများဖြစ်ကြတဲ့ နတ်သမီးငါးရာတို့သည် အသျှင်မြတ်အား ဆွမ်းလောင်းလှူရန် ရောက်လာကြပါတယ်။ ဆင်းရဲသူတို့အား ချီးမြှောက်လိုတဲ့အတွက် အသျှင်မဟာကဿပသည် ထိုနတ်သမီးများအား တားမြစ်၍ နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်လျက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူပါတယ်။

၅။ နတ်သမီး ငါးရာတို့ထံမှ အကျိုးအကြောင်းကို သိရသဖြင့် နတ်တို့အရှင် သိကြားမင်းသည် ဇနီးဖြစ်သူ အသုရာနတ်မင်း၏ သမီးတော် သုဇာတာနှင့်အတူ အသျှင်မဟာကဿပအား ဆွမ်းလှူခွင့်ရရန် ကြံစည်ပြီး ရက်ကန်းသည် အဖိုးအို အဖွားအို အသွင်ကို ဖန်ဆင်း၍ ရက်ကန်း ရက်နေ၏။ သုဇာသည် ရက်ဖောက်လုံးတွင် ချည်ရစ်သွင်းနေ၏။ အသျှင်မဟာကဿပသည် ရာဇဂြိုဟ်မြို့၌ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်လတ်သော် နတ်တို့ အရှင်သိကြားမင်း၏ နေအိမ်သို့ ချဉ်းကပ်လာ၏။ နတ်တို့အရှင် သိကြားမင်းသည် ကြွလာသော အသျှင်မဟာကဿပကို အဝေးကပင် မြင်၍ အိမ်မှ ထွက်ပြီးလျှင် ခရီးဦးကြိုဆို၍ လက်မှ သပိတ်ကို ယူပြီးလျှင်အိမ်သို့ ဝင်ကာ ထမင်းအိုးမှ ထမင်းကို ခူး၍ သပိတ်ကို ပြည့်စေလျက် အသျှင်မဟာကဿပအား ပေးလှူ၏။

၆။ သိကြားမင်း ဇနီးမောင်နှံ လှူဒါန်းသော ဆွမ်းမှာ (ပဲနောက်စသော) အမျိုးမျိုးသောဟင်း အထူးထူးသော လက်သုပ်ဟင်းလျာ အရသာမျိုးစုံရှိသော စားမဲဟင်းလျာတွေ ဖြစ်ပြီး အဝေးအရပ်သို့ပင် ဟင်းရနံ့များ မွှေးကြိုင်သွားပါတယ်။ အဲဒီအခါမှာ အသျှင်မဟာကဿပအား 'ဤသို့ တန်ခိုးအာနုဘော်ရှိသည့် ဤပုဂ္ဂိုလ်ကား အဘယ်သူနည်း'ဟု ဆင်ခြင်သဖြင့် နတ်တို့အရှင် သိကြားမင်းဖြစ်ကြောင်း သိသွားတဲ့အခါ အရှင်မြတ်ကြီးက နတ်တို့အရှင် သိကြားမင်းကို အမျိုးအနွယ် နာမည်ဖြင့် 'ကောသိယ သင်သည် ဤအမှုကို ပြုဘိ၏။ ဤသို့သော အမှုကို နောက်တစ်ဖန် မပြုပါလင့်'လို့ မိန့်တော်မူပါတယ်။ အဲဒီအခါ သိကြားမင်းက 'အသျှင်ဘုရား မဟာကဿပ၊ တပည့်တော်တို့လည်း ကုသိုလ်ကောင်းမှုကို ပြုလိုကြပါ၏။ တပည့်တော်တို့လည်း ကုသိုလ်ကောင်းမှုကို ပြုထိုက်ပါသေးသည်'လို့ ပြန်ပြီး လျှောက်ထားပါတယ်။

၇။ ထို့နောက် နတ်တို့အရှင် သိကြားမင်းသည် အသျှင်မဟာကဿပအား ရိုသေစွာ ရှိခိုးဦးချ၍ အရိုအသေပြုလျက် ကောင်းကင်သို့ ပျံတက်ပြီးလျှင် ဟင်းလင်းအပြင် ကောင်းကင်မှနေ၍ 'အသျှင်မဟာကဿပ၌ တည်သော ဒါနသည် အံ့သြဖွယ် ဒါနပါပေတည်း။ မြတ်သော ဒါနပါပေတည်း။ အသျှင်မဟာကဿပ၌ တည်သော ဒါနသည် အံ့သြဖွယ် ဒါနပါပေတည်း။ မြတ်သော ဒါနပါပေတည်း။ အသျှင်မဟာကဿပ၌ တည်သော ဒါနသည် အံ့သြဖွယ် ဒါနပါပေတည်း။ မြတ်သော ဒါနပါပေတည်း'ဟု သုံးကြိမ်တိုင်တိုင် ရင်းတွင်းမဆံ့ ဖြစ်ပေါ်လာတဲ့ ပီတိအဟုန်ကြောင့် ဝမ်းမြောက်နှစ်သက် မြွက်ဆိုသည့်အနေဖြင့် ဥဒါန်းစကား ကျူးရင့် လိုက်ပါတယ်။

၈။ ယင်းသို့ နတ်တို့သနင်း သိကြားမင်းရဲ့ ဟင်းလင်းအပြင် ကောင်းကင်ထက်မှ သုံးကြိမ်တိုင်တိုင် ဝမ်းမြောက်ပီတိဖြစ်၍ ဥဒါန်းကျူးရင့်သံကို လူတို့၏ နားအကြားကို လွန်သော နတ်တို့၏ သောတပသာဒနှင့်တူသော စင်ကြယ်သော ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်းတော်မှာ

သီတင်းသုံးလျက်ပင် ကြားတော်မူပြီး ရဟန်းတော်များ ဖြစ်ကြောင်းစုံလင် မိန့်ကြားတော်မူပါတယ်။ ထို့နောက် မြတ်စွာဘုရားသည် ကောင်းသော အကျင့်မြတ်ကြောင့် ဂုဏ်အထူး၌ တည်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို နတ်ရော လူပါ ရိုသေပြီး အလွန်ပင် ချစ်မြတ်နိုးကြကြောင်း သိမြင်တော်မူသဖြင့် 'ပိဏ္ဍပါတ်ဓုတင်ကို ဆောင်သော၊ မိမိကိုယ်ကို မွေးမြူသော၊ သူတစ်ပါးတို့ မွေးမြူခြင်းကို မခံယူသော၊ အမြဲမပြတ် သတိရှိသော၊ ကိလေသာ ငြိမ်းအေး၍ တာဒိဂုဏ်နှင့် ပြည့်စုံသော ရဟန်းအား နတ်လူတို့ ချစ်မြတ်နိုး ကုန်၏'လို့ ဤဥဒါန်းစကားကို မြွက်ဆိုတော်မူပါတယ်။

၉။ အရှင်မဟာကဿပ မထေရ်ဟာ ဓုတင် ၁၃ ပါးလုံးကို ဆောင်သော်လည်း ဤသုတ္တန်မှာ ဖြစ်ရပ်ဝတ္ထု အားလျော်စွာ ပိဏ္ဍပါတ်ဓုတင် တစ်ပါးကိုသာ ချီးမွမ်း ဖော်ပြခြင်း ဖြစ်ပါတယ်။ အရှင်မြတ်ဟာ လွယ် လွယ်ကူကူ ရရှိတဲ့ အနည်းငယ်မျှသော ပစ္စည်းလေးပါးနှင့် မျှတနိုင်လို့ 'မိမိကိုယ်ကို မွေးမြူသူ' ဖြစ်ပါတယ်။ ပစ္စည်းဝတ္ထုစသည်ကို ချီးမြှောက် ပေးကမ်းပြီး တပည့်ဒကာတွေရဲ့ မွေးမြူမှုကို မခံယူတဲ့အတွက် 'အနညပေါသီ = သူတစ်ပါးတို့ မွေးမြူခြင်းကို မခံယူသူ'လည်း ဖြစ်ပါတယ်။ အရဟတ္တဖိုလ်ကို ရရှိပြီးဖြစ်လို့ ကိလေသာ အပူအားလုံး ငြိမ်းပြီးသူ၊ ထို့ကြောင့်ပင် အလိုရှိအပ်သော ဣဋ္ဌာရုံ၊ အလိုမရှိအပ်သော အနိဋ္ဌာရုံတို့၌ တုန်လှုပ်ခြင်း မရှိသည့် တာဒိဂုဏ်နှင့် ပြည့်စုံသည့် အရှင်မြတ်အား နတ်တို့ပင် ချစ်မြတ် နိုးကြတဲ့အတွက် လူသားတစ်ယောက်အဖို့ အဘယ်မှာလျှင် မချစ်မြတ်နိုးဘဲ ရှိနိုင်ပါမည်နည်း။

၁၀။ မြတ်စွာဘုရားဟာ သက်တော်ထင်ရှား ရှိစဉ်က မိမိ မရှိသည့်နောက်တွင် သာသနာတော်ကို ဦးဆောင်မဲ့ ပုဂ္ဂိုလ်အဖြစ် အရှင်မြတ်အား ယုံကြည်တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ မိမိရဲ့ ဒုကုဋ္ဋ် သင်္ကန်းတော်နှင့် အရှင်မဟာကဿပရဲ့ ဒုကုဋ္ဋ်သင်္ကန်းကို လဲလှယ် ဝတ်ရုံတော်မူတဲ့အထိ အလွန် ကြီးမြတ်တော်မူပြီး ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတို့၌ တုန်လှုပ်ခြင်းမရှိသော တာဒိဂုဏ်နှင့် လုံးဝကုံလုံ ပြည့်စုံတော်မူတဲ့ အရှင်မဟာ ကဿပ မထေရ်မြတ်အား ဆွမ်းလှူဒါန်းခွင့်ရပြီး ကြည်နူးဝမ်းသာ ဖြစ်သွားတဲ့ သိကြားမင်းရဲ့ ဥဒါန်း စကား၊ ထိုဥဒါန်းကို အကြောင်းပြုပြီး မြတ်စွာဘုရားရဲ့ ကျူးရင့်တော်မူတဲ့ ထပ်ဆင့် ဥဒါန်းစကားတော် များကို အာရုံယူပြီးလျှင် သိကြားဥဒါန်းလို့ အမည်ရတဲ့ 'သက္ကုဒါနသုတ္တန်' ဒေသနာတော်မြတ်ကို သဒ္ဓါ ထုံပွား ကြည်ညိုသော စိတ်ထားဖြင့် ရွတ်ပွားပူဇော်ကြပါစို့။

-----------------------------

မေး ၁။ အရှင်ဘုရား။ မြတ်စွာဘုရားက ပါရမီရှင်ဖြစ်ပါလျက် ဘာကြောင့် အိုနာသေ နိမိတ်ကို နတ်တွေက သတိပေးဘို့ လိုနေပါသေးသလဲ။

ဖြေ။ ပါရမီရှင်ပင် ဖြစ်ပေမယ့် ကာမဉ္စနမ်မှ ရုန်းထွက်ဖို့ဆိုတာ အလွန် ခက်တယ်။ ဒါကြောင့် ပါရမီရှင်တို့ရဲ့ စိတ်နှလုံး နိုးကြွအောင် လှုံ့ဆော်မှုပေးတဲ့ ပြင်ပစွမ်းအား တစ်ရပ် ရှိသင့်ပုံရတယ်။ အရှင်အာနန္ဒာ။ အရှင် ဗာဟိယ။ ဒေဝဒတ်လည်း ပါရမီရှင်ပါပဲ။ (ကျမ်းဂန်မှာ ရှာဖွေဲဆဲ။ ပုဂ္ဂိုလ်ရေး ယူဆချက်မျှသာ)။

------------------------------